# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မိုးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၇၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။


၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်၊ နိုင်ငံခြားရေးရာ ဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ တို့ တွေ့ဆုံဆွေးနွေး

## မြန်မာ – တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေး



နေပြည်တော် ဇွန် ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ခေတ္တရောက်ရှိနေသော နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်သည် ယမန်နေ့နံနက်ပိုင်းက ပေကျင်းမြို့ရှိ လင်ကွန်းကျောင်းတိုက်သို့ သွားရောက်၍ မြတ်ဗုဒ္ဓစွယ်တော်အား ဖူးမြော်ကြည်ညိုပြီး လင်ကွန်းကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ချမ်းကျန့်အား ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်သည် နေပြည်တော်မှ ပင့်ဆောင်လာသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရုပ်ပွားတော်ငယ်အား လှူဒါန်းခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်၊ နိုင်ငံခြားရေးရာ ဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေး ဝန်ကြီး မစ္စတာဝမ်ယိကို ပေကျင်းမြို့ရှိ ကျောက်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ❖

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်၊ နိုင်ငံခြားရေးရာ ဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ အား လက်ခံတွေ့ဆုံစဉ်။


ယနေ့ *ဖတ်စရာ*

**နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးတို့၏ စွမ်းဆောင်ရည်** — ဆောင်းပါး — စာ ၁၀

**ပြင်သစ်နိုင်ငံ၏ ဥပဒေပြုရွေးကောက်ပွဲ ပထမအကျော့စတင်** — နိုင်ငံတကာသတင်း — စာ ၁၃

**ပြင်းထန်သောရာသီဥတုဖြစ်စဉ်များ၏ ကမ္ဘာကြီးအပေါ် သက်ရောက်မှုများ** — နိုင်ငံတကာရေးရာ — စာ ၁၄

**ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်** — စာ ၁၂

❖ *ရှေ့ဖုံးမှ*

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**ပြန်လည်ရောက်ရှိ**

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ရန်ကုန်မြို့ တရုတ်သံရုံးမှ သံရုံးဒုတိယအကြီးအကဲ (သံမှူးကြီး) မစ္စစ် ချောင်ဂျင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ရန်ကုန်မြို့ တရုတ်သံရုံးမှ သံရုံးဒုတိယအကြီးအကဲ (သံမှူးကြီး) မစ္စစ်ချောင်ဂျင်တို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း

၁။ သတင်းမီဒီယာနည်းဥပဒေပုဒ်မ ၁၃ အရ "မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ"ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃၁-၁၀-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄၄/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့ရာ ကောင်စီ၏ သက်တမ်းသည် ၃၀-၁၀-၂၀၂၄ ရက်နေ့တွင် ၃ နှစ် သက်တမ်းကုန်ဆုံးမည် ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် သတင်းမီဒီယာနည်းဥပဒေ ၁၈(ခ)အရ "အဖွဲ့သည် ကောင်စီ၏ သက်တမ်း ၃ နှစ် မပြည့်မီ အနည်းဆုံး ၃ လ ကြိုတင်၍ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသစ်ဖွဲ့စည်းမည့်ကောင်စီကို ရွေးချယ်တင်မြှောက်ရမည်" ဖြစ်ပါသဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ ဖိတ်ခေါ်အပ်ပါသည်။

၃။ သတင်းမီဒီယာနည်းဥပဒေ ၁၀ အရ သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြ ဆရာများစသည့် သတင်းမီဒီယာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်လောင်းများ၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သည့် လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်း ရွေးချယ်ခံမည့် (အခြားနယ်ပယ်များ)မှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမား ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ ကောင်စီဝင်ရွေးချယ်ရာတွင် ကိုယ်စားလှယ်လောင်းများအတွက် အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **သတင်းမီဒီယာအဖွဲ့အစည်းများ**

(၁) အဖွဲ့အစည်းအလိုက် ကိုယ်စားလှယ်ဦးရေ တင်သွင်းနိုင်သည်။

(၂) အသင်းဖွဲ့စည်းပုံ စည်းမျဉ်းရှိရမည်။

(၃) သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် လှုပ်ရှားမှုရှိရမည်။

(၄) နိုင်ငံခြားလက်အောက်ခံ အဖွဲ့အစည်း မဖြစ်စေရ။

(ခ) **တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမားများ**

(၁) သတင်းမီဒီယာလုပ်ငန်းတွင် လေးစားအပ်သောရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံ (၁၀) နှစ်နှင့်အထက် ရရှိရမည်။

(၂) သိသာထင်ရှားသော သတင်းမီဒီယာလုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။

(၃) အချိန်မှန်ထုတ်ဝေသော သတင်းစာ/ ဂျာနယ်များအား ထုတ်ဝေသူ/ အမှုဆောင် အရာရှိချုပ်/ အယ်ဒီတာချုပ် (သို့မဟုတ်) ရုပ်သံလွှင့်မီဒီယာသတင်းခန်းမှ အမှုဆောင် ထုတ်လုပ်ရေးမှူးနှင့်အထက် တာဝန်ရှိသူဖြစ်ရမည်။

(၄) နိုင်ငံခြားအဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်သူ မဖြစ်စေရ။

(၅) သတင်းမီဒီယာ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဈ)နှင့်အညီ လိုက်နာသောပုဂ္ဂိုလ်ဖြစ်ရမည်။

(ဂ) **တစ်ဦးချင်းရွေးချယ်ခံမည့် အခြားနယ်ပယ်မှ ကိုယ်စားလှယ်လောင်းများ**

(၁) သက်ဆိုင်ရာနယ်ပယ်တွင် လေးစားအပ်သောရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံရှိရမည်။

(၂) သက်ဆိုင်ရာနယ်ပယ်တွင် သိသာထင်ရှားသော လုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။

(ဃ) **ကိုယ်စားလှယ်လောင်းအားလုံးအတွက် သတင်းမီဒီယာနည်းဥပဒေ အခန်း(၃)၊ ကောင်စီဝင်ရွေးချယ် တင်မြှောက်ခြင်း နည်းဥပဒေ ၇ တွင် ဖော်ပြထားသည့် အောက်ပါအချက် တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ကောင်စီဝင်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်း မပြုရ-**

(၁) နိုင်ငံ့ဝန်ထမ်းဖြစ်ခြင်း။

(၂) မကျန်းမာမှုကြောင့် ကောင်စီ၏လုပ်ငန်းတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။

(၃) အကျင့်စာရိတ္တပျက်ပြားမှုနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသူဖြစ်ခြင်း။

(၄) နိုင်ငံရေးပါတီတစ်ခုခုတွင် အမှုဆောင်ရာထူးတာဝန် ထမ်းဆောင်နေသူဖြစ်ခြင်း။

၅။ အဆိုပြုလွှာပုံစံများကို (၁-၇-၂၀၂၄)ရက်နေ့မှစတင်၍ နံနက် (၉:၀၀)နာရီမှ မွန်းလွဲ(၁၆:၃၀) နာရီအတွင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက် ထုတ်ယူနိုင်ပြီး (၃၀-၇-၂၀၂၄) ရက်နေ့ မွန်းလွဲ (၁၆:၃၀) နာရီမတိုင်မီအချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထားပြန်လည်တင်သွင်းရပါမည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃ နှင့် ၀၁-၈၆၀၄၇၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၇။ ရွေးချယ်တင်မြှောက်ပွဲ ပြုလုပ်မည့်နေ့ကို သီးခြားကြေညာပါမည်။

**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့**
အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစု(မျိုး) ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာတွင် (၁၀၂) နှစ်ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်းမှ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သည့် အသင်းသားတောင်သူများအား သွင်းအားစု(မျိုး)ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ရွာလယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပုဗ္ဗသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်၊နေပြည်တော် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးကျော်အောင်နှင့် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးတင်ထွန်းတို့ တက်ရောက်ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက သမဝါယမအသင်း (၁၅) သင်းမှ အသင်းသား ၂၂၁ ဦး၊ စိုက်ဧက ၅၄၀ တို့အတွက် လိုအပ်သောသွင်းအားစု ၁၅၅ အိတ်၊ မျိုးစပါးအိတ် ၅၄၀ တို့အတွက် ပံ့ပိုးငွေကျပ်စုစုပေါင်း ၄၄ ဒသမ ၉၉ သိန်း ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)** **သတင်းစဉ်**




# ဒီရေတော ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇွန် ၃၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်း တိုးချဲ့ဖွဲ့စည်းထားသော ရွှေပြည်အေးချမ်းဘို့ ဒီရေတောကြိုးပြင်ကာကွယ်တောကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွဲ့စည်းထားသော ဒီရေတောကြိုးပြင်ကာကွယ်တောများ၊ ဆက်လက်တိုးချဲ့ဖွဲ့စည်းရန် ရည်ရွယ်ထားသော အဆိုပြု ကြိုးပြင်ကာကွယ်တောများနှင့် စိုက်ပျိုးတည်ထောင်လျက်ရှိသော ဒီရေတောစိုက်ခင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ဒီရေတောဧရိယာ ၁ ဒသမ ၁ သန်းကျော်ရှိပြီး ကမ္ဘာပေါ်တွင် သတ္တမမြောက်၊ အရှေ့တောင်အာရှတွင် တတိယမြောက် ဒီရေတောအများဆုံးပိုင်ဆိုင်သော နိုင်ငံဖြစ်ကြောင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် ထိစပ်လျက်ရှိသော ကမ်းရိုးတန်းဒေသများတွင် သဘာဝ ဒီရေတောများ ထိန်းသိမ်းရေးနှင့် ဒီရေတောစိုက်ခင်းများ တည်ထောင်ရေးသည် လွန်စွာအရေးကြီးကြောင်း၊ ဒီရေတောများသည် ပင်လယ်ပြင်မှ ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များကို တံတိုင်းသဖွယ် ကာကွယ်ပေးနိုင်သည့်အပြင် လယ်ယာမြေများအတွင်း ပင်လယ်ဆားငန်ရေဝင်ရောက်မှုကိုလည်း တားဆီးပေးသည့်အတွက်သီးနှံများပျက်စီးဆုံးရှုံးမှု အန္တရာယ်ကို ကာကွယ်ပေးနိုင်ပါကြောင်း၊ ဒီရေတောများသည် ငါး၊ ပုစွန်နှင့် အခြားသော ရေနေသတ္တဝါများ ရှင်သန်ပေါက်ပွားရာ အရင်းအမြစ်ဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း၊ ဒီရေတောဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် ဒီရေတောများ၏ အရေးပါပုံနှင့် အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ သိရှိရန်နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်လာစေရန် အသိပညာပေး ဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။



သစ်တောဦးစီးဌာနအနေဖြင့် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုမှ ကာကွယ်ပေးနိုင်ရန်၊ ဒီရေတောကို အမှီပြုနေသော ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် အစိမ်းရောင်တံတိုင်း– Green Belt အဖြစ် ဒီရေတောကြိုးပြင်ကာကွယ်တော ခုနစ်ခု၊ ၂၃၈၅၅ ဧက ဖွဲ့စည်းတည်ထောင်ထားပြီး တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဒီရေတော ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ၄၄ ခု၊ ၇၁၇၂၃၈ ဧက ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကမ်းပြိုကာကွယ်ရေး ဆောင်ရွက်ပေးရန်နှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးသရုပ်ပြစိုက်ပျိုးခြင်းအား ကွင်းဆင်းကြည့်ရှု

**ပြည် ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ဇွန် ၂၉ ရက် နံနက်ပိုင်းက ကမ်းပြိုကာကွယ်ရေး ဆောင်ရွက်ပေးရန်နှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါး သရုပ်ပြစိုက်ပျိုးခြင်းကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အုတ်ဖိုမြို့နယ် လိပ်ဥကုန်းကျေးရွာအုပ်စု ယာဉ်တန်းသွားကျေးရွာ၌ ရေတိုက်စားမှုကြောင့် မြောင်းချောင်းကမ်းပါးပြိုကျနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

**ထပ်မံတူးဖော်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နတ်တလင်းမြို့နယ် သက်ကယ်ပြင်ကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း လယ်မြေ ၁၀၅ ဧကကို တိုင်းဒေသကြီးမှ ထုတ်လုပ်သည့် လက်ဆွဲကောက်စိုက်စက်များဖြင့် မိုးစပါး စိုက်ပျိုး သရုပ်ပြသမှုကို သွားရောက်ကြည့်ရှု အားပေးပြီး ဒေသခံ တောင်သူများနှင့် တွေ့ဆုံ၍ မိုးစပါးစိုက်ပျိုးရာသီတွင် ပိုးမွှားနှင့် ရောဂါကျရောက်မှုများပြားသဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှသာ ပန်းတိုင်အထွက်နှုန်း ရရှိနိုင်မည်ဖြစ်ကာ မိရိုးဖလာ စိုက်ပျိုးနည်းစနစ်မှ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ကို ပြောင်းလဲခြင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်းနှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်သည့် သမန်းကောင်းမွန်မှုရှိစေရေး ဆောင်ရွက်ရန်၊ တောင်ညိုဆည်ရေသောက်ဧရိယာအတွင်း နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး လက်တံခွဲရေပေးမြောင်း ပေ ၂၀၀၀ ထပ်မံတူးဖော်နိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း လူထုအသိပညာပေးဆိုင်းဘုတ်စိုက်ထူ

**ဟိုပုံး ဇွန် ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ ကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိစေရန် ရည်ရွယ်၍ "ပြည်သူအားလုံး ပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆောင်ပုဒ်နှင့်အညီ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စုလမ်းမနှင့် အ.ထ.က (၁) ကျောင်းလမ်းဆုံ၌ ကျင်းပခဲ့သည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သိန်းနိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒေသဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးနေမျိုးလှိုင်တို့က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုအသိပညာပေး ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

အဆိုပါ သန်းခေါင်စာရင်းကော်မတီ စာရင်းကောက်များသည် မိမိတာဝန်ကျရာ စာရင်းကောက်ကွက်အတွင်း တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် Mobile Tablet များ အသုံးပြု၍ သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း ၁၅ ရက်ကြာ တစ်နိုင်ငံလုံးတွင် သန်းခေါင်စာရင်းကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## (၁၀၂)နှစ်ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

**တောင်ကြီး ဇွန် ၃၀**

၂၀၂၄ ခုနှစ် ဇူလိုင် ၆ ရက်တွင် ကျရောက်မည့် (၁၀၂) နှစ်ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "အနာဂတ်ဘဝ ပိုမိုကောင်းမွန်ရေး သမဝါယမက ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း (တောင်ကြီး) ၌ ကျင်းပရာ ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

အဆိုပါ ဂုဏ်ပြုစာစီစာကုံးပြိုင်ပွဲတွင် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း (တောင်ကြီး) မှ ပထမနှစ် ကျောင်းသားကျောင်းသူ ကိုးဦး၊ ဒုတိယနှစ် ကျောင်းသား ကျောင်းသူ ကိုးဦး စုစုပေါင်း ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြပြီး ဆုရရှိသူများအား အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၃၀**

နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်လမ်း (ရာဇသင်္ဂဟလမ်းမှ တော်ဝင်ရတနာလမ်းအထိ) မြေနေရာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဇနီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီးတို့က မိုးရာသီသစ်ပင် စိုက်ပျိုးပွဲ အထိမ်းအမှတ် အဖြစ် ကုက္ကိုပင်ကို စတင်စိုက်ပျိုးပေးကြပြီး နေပြည်တော်ကောင်စီဝင်များနှင့် ဇနီးများ၊ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ တက်ရောက်လာသူများက အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် သတ်မှတ်နေရာများ၌ ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် မန်ကျည်းပင်ကျေးရွာအုပ်စု ရေတွင်းဖြူကျေးရွာ ရွှေဟိန်းဆန်စက်အနီး၌ ကျင်းပသည့် EM ဘိုကာရှီ သဘာဝမြေဩဇာ ပြုလုပ်ခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်၍ တောင်သူများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် တောင်သူများက လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး စိုက်ပျိုးရေးဦးစီးဌာနမှ EM ဘိုကာရှီ သဘာဝမြေဩဇာ ပြုလုပ်ခြင်း လက်တွေ့သရုပ်ပြမှုကိုလည်းကောင်း၊ ရွှေဟိန်းဆန်စက်အတွင်း တစ်ရက်လျှင် တန် ၁၀၀ ကျ ဆန်စက်လည်ပတ်ကြိတ်ခွဲနေမှုကို လည်းကောင်း ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**မျိုးစေ့ချကိရိယာများကိုပေးအပ်**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ပေတောကျေးရွာတွင် မိုးစပါးအခြောက် မျိုးစေ့ချ ကိရိယာ (Dry Seeder) ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားကာ ခရမ်းစပ်ကုန်းကျေးရွာအုပ်စုမှ တောင်သူများထံ မျိုးစေ့ချကိရိယာများကို ပေးအပ်ပြီး မိုးစပါး အခြောက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန်ရှိ (ဖန်ဟွ) နို့စားနွားမွေးမြူရေးခြံ၌ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး (ဖန်ဟွ) နို့စားနွား မွေးမြူရေးခြံတွင် နို့စားနွားများ မွေးမြူထားရှိမှုကို လှည့်လည် ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာရှိ ပန်းသပြေကျေးရွာ စာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များ ထားရှိမှုနှင့် လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် ပုပ္ပားကုန်းရပ်ကွက်နှင့် ပြည်စံအောင်ရပ်ကွက်တို့တွင် စာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအမျိုးသမီးများနေ့အကြို ရိုးရာဆင်မြန်းတော်ဝင်ပန်း ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ဦးဆောင်ကျင်းပသော မြန်မာအမျိုးသမီးများနေ့ အကြို ရိုးရာဆင်မြန်းတော်ဝင်ပန်း ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက်က မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ ကျင်းပသည်။



ဦးစွာ တေးသံရှင် မထက်ကေရီလွင်က ဗမာမလေးပါရှင့် အဖွင့်သီချင်း သီဆိုဖျော်ဖြေသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ရိုးရာအဝတ်အထည်အရောင်းဆိုင်များ၊ ရိုးရာအစားအစာ အရောင်းဆိုင်များနှင့်အမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကျောင်းသူ ၄၀ က ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုများဖြင့် ပြိုင်ပွဲတွင်ယှဉ်ပြိုင်ကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသူ ၁၄ ဦးက "လှမျိုးစုံကြွယ် ယဉ်တစ်ကိုယ်မယ်"၊ ခေတ်(၆) ခေတ်" ဝတ်စားဆင်ယင်ထုံးဖွဲ့မှု အလှပြအစီအစဉ်များဖြင့် တင်ဆက်ကြသည်။

ထို့နောက် ရိုးရာဆင်မြန်းတော်ဝင်ပန်းရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲဝင် ၄၀ မှ ၁၀ ဦးအား ပဏာမရွေးချယ်ခဲ့ကြပြီးနောက် ၁၀ ဦးမှ ငါးဦးအား ထပ်မံရွေးချယ်ကြပြီး နှစ်သိမ့်ဆုရရှိသူ ငါးဦးအား စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ၏ ဇနီးက ဆုများချီးမြှင့်သည်။

ယင်းနောက် ရွေးချယ်ထားသော ငါးဦးအား ဒိုင်အဖွဲ့မှ ဗဟုသုတ ဉာဏ်စမ်းမေးခွန်းများ မေးမြန်း၍ ပဉ္စမမှ ပထမရရှိကြသည့် ပြိုင်ပွဲဝင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား တိုင်းဒေသကြီး အမျိုးသမီးကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးတို့က ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**

# မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု

**နေပြည်တော် ဇွန် ၃၀**

ယနေ့ နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက် ကိုးပေခန့် (၂၇၁ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခြောက်ပေခွဲကျော် (၂၀၄ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခုနစ်ပေခွဲကျော် (၂၃၄ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြီးနားမြို့နယ်၊ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်နှင့် ကသာမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခုနစ်ပေခွဲခန့် (၂၂၄ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခုနစ်ပေခွဲခန့် (၂၂၃ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# မြစ်ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်၊ ရေကြည်ကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း



**နေပြည်တော် ဇွန် ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေမြင့်တက်လာပြီး မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်၊ ရေကြည်ကျေးရွာအတွင်းသို့ ယနေ့နံနက်ပိုင်းက ရေများ ခြောက်ပေခန့်ဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် နေရာများသို့ ယနေ့တွင် နယ်မြေခံတပ်မတော်သားများက သွားရောက်၍ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၅၀ ခန့်၊ လူဦးရေ ၃၈၀ ခန့်တို့အား ရေဘေး ကင်းလွတ်ရာ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ ကူညီရွှေ့ပြောင်းပေးပြီး လိုအပ်သည့်ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

**သတင်းစဉ်**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့သည့်ဆန်များနှင့် ကယားပြည်နယ်အစိုးရအဖွဲ့မှ ဘုန်းတော်ကြီးကျောင်းများ၊ နေရပ်ပြန်ပြည်သူများကို ဆန်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ထောက်ပံ့ငွေများလှူဒါန်း

လွိုင်ကော် ဇွန် ၃၀

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့သည့်ဆန်များနှင့် ကယားပြည်နယ်အစိုးရအဖွဲ့မှ ဘုန်းတော်ကြီးကျောင်းများ၊ နေရပ်ပြန် ပြည်သူများကို ဆန်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ထောက်ပံ့ငွေများ လှူဒါန်း ၊ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက လွိုင်ကော်မြို့ နေရပ်ပြန်ပြည်သူများကြိုဆိုလက်ခံရေးဌာန၊ သာသနာ့ဗိမာန်၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်သည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေး အတွက် ပြည်နယ်သူ၊ ပြည်နယ်သားများအနေဖြင့် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့်အတူ တက်ညီလက်ညီ ပူးပေါင်း ပါဝင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒေသကွပ်ကဲရေးမှူးက နယ်မြေ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးက စီးပွားရေးနှင့် လျှပ်စစ်၊ စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက ပညာရေး၊ ကျန်းမာရေး၊ သာသနာရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့သည့်ဆန်များနှင့် ကယားပြည်နယ်အစိုးရအဖွဲ့မှ ဘုန်းတော်ကြီး ကျောင်းများ၊ နေရပ်ပြန် ပြည်သူများကို ဆန်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ထောက်ပံ့ငွေများကို လှူဒါန်း၊ ထောက်ပံ့ပေးအပ်ရာ **(အပေါ်ယာပုံ)** တက်ရောက်လာသူများကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြပြီး တက်ရောက်လာကြသည့် ပြည်သူများက မိမိတို့၏ အခက်အခဲများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။



အဆိုပါ လှူဒါန်း၊ ထောက်ပံ့ပေးအပ်ပွဲတွင် လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်း၊ နေရပ်ပြန်ပြည်သူအိမ်ထောင်စု ၁၀၄၅ စု၊ ပြည်သူ ၅၅၅၇ ဦးနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ယာယီတိုက်ပွဲရှောင် ၁၀၈ ဦးတို့အတွက် ဆန် ၃၆၉ အိတ်၊ ဆီ ၅၂၂ ဒသမ ၂ ပိဿာ၊ ထောက်ပံ့ငွေကျပ် ၃၁၈၀၀၀၀၀ တို့ကို လှူဒါန်းထောက်ပံ့ခဲ့ကြောင်းနှင့် စုစုပေါင်း လှူဒါန်းထောက်ပံ့မှု တန်ဖိုးငွေကျပ် ၉၃၈၆၇၅၀၀ ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ နည်းပညာတက္ကသိုလ် (မန္တလေး)၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ အတူတကွ တက်ရောက်စိုက်ပျိုးကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သတ်မှတ်နေရာတွင် အရိပ်ရလေကာပင်ကို စတင်စိုက်ပျိုးပေးပြီး **(ဝဲပုံ)** တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် သတ်မှတ်နေရာများ၌ ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ၂၀၂၄ ခုနှစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ခရေ၊ ပိတောက်၊ တမလန်း၊ ရင်းမာ၊ မဟော်ဂနီ၊ ငုရွှေဝါ၊ စိန်ပန်း၊ မယ်ဇယ်၊ မဲဇလီ စသည့် သစ်မျိုး ၁၁ မျိုး၊ စုစုပေါင်း ပျိုးပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း စပါးမျိုးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသနစမ်းသပ်ကွက် ကြည့်ရှုပြီး အကြိမ်(၄၀)မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် ဇွန် ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းသည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန စပါးသုတေသနဌာနခွဲတွင် ဆောင်ရွက်ထားရှိသော အထွက်ကောင်းစပါးမျိုး ၂ မျိုး၊ ၃မျိုးနှင့် ၄ မျိုးအထိ မျိုးစပ်မွေးမြူထားသည့် သားဆက်လိုင်းများကို လာရောက်အကဲဖြတ် လေ့လာကြသည့် ဒက္ခိဏသီရိမြို့နယ်မှ တောင်သူများကို စပါးမျိုးစပ်ခြင်းနှင့် စပါးမျိုးသားဆက်လိုင်းရွေးချယ်ခြင်း နည်းပညာရပ်ဆိုင်ရာ သုတနည်းပညာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အကြိမ် (၄၀) မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲသို့ သုတေသီပညာရှင်များ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်မှ တောင်သူများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ပြီး "စိုက်ပျိုးနည်းပညာများကို အွန်လိုင်းမှ လေ့လာခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ထွေးနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနလက်ထောက်သုတေသနအရာရှိ ဒေါ်နှင်းနှင်းလှိုင်တို့က စိုက်ပျိုးနည်းပညာများကို အွန်လိုင်းမှ လေ့လာခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် YouTube၊ TikTok မှတစ်ဆင့် စိုက်ပျိုးရေး နည်းပညာဆိုင်ရာများ လေ့လာရာတွင် ပြုလုပ်ရမည့် အချက်များကို လက်တွေ့ရှင်းလင်းပြသသည်။



ထို့နောက် YouTube မှတဆင့် ကောက်ရိုးမှတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေး ခေါင်းစဉ်အောက်မှ မှိုစိုက်ပျိုးခြင်းနှင့် စိုက်ပျိုးရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာများခေါင်းစဉ်မှ စွန့်ပစ် ပလတ်စတစ်ဘူးခွံများမှ လောင်စာထုတ်လုပ်ခြင်း နည်းပညာ ဗီဒီယိုဖိုင်များကို ပြသကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက တောင်သူများကိုယ်တိုင်တီထွင် အသုံးပြုလျက်ရှိသော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းစနစ်များ၊ လုပ်ငန်းခွင် အတွေ့အကြုံ မှတ်တမ်းများကို လူမှုကွန်ယက် မီဒီယာများမှတစ်ဆင့် ဖြန့်ဝေ၍ တောင်သူအချင်းချင်း နည်းပညာဖလှယ်သည့် အလေ့အကျင့်များ ပိုမိုတွင်ကျယ်အောင် အားပေးဆောင်ရွက်ရန် တိုက်တွန်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို အသေးစိတ် ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်အောင်မြို့၌ ဆန်နှင့်ဆီ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**မြန်အောင် ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် "မြတ်ဘုန်းသူ" ဆန်စက်တို့မှ မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂) ရပ်ကွက်နှင့် မြို့မတဲကြီးကုန်းကျေးရွာတို့မှ အခြေခံ အိမ်ထောင်စု ၃၀၀ တို့ကို ယနေ့နံနက်က အခြေခံစားသောက်ကုန် ဆန်နှင့်ဆီကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသည်။

မြန်အောင်မြို့ "မြတ်ဘုန်းသူ" ဆန်စက်မှ ပခန်းဆန် တစ်ပြည် ၂၅၀၀ ကျပ်ဖြင့် အိမ်ထောင်စု တစ်စုလျှင် ဆန် ၁ ပြည်နှုန်း၊ မြန်အောင်မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ အိမ်ထောင်စုတစ်စုလျှင် ဆီ ၂၅ ကျပ်သား ၁၅၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးသည်။

အဆိုပါ ဆန်နှင့်ဆီ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမြင့်နိုင်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ် (မြန်အောင်)**

# ဒုတိယဝန်ကြီး ဦးအေးကျော် ရှမ်းပြည်နယ်ရှိ လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးတာဝန်ခံများနှင့်တွေ့ဆုံ



နေပြည်တော် ဇွန် ၃၀

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၈ ရက် ညနေပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ပြည်နယ်/ ခရိုင်/ မြို့နယ်များမှ လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးတာဝန်ခံများနှင့် တွေ့ဆုံသည်။**

တွေ့ဆုံစဉ် ခရိုင်လျှပ်စစ်အင်ဂျင်နီယာများက မိမိတို့ခရိုင်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုနှင့် မီတာဖတ်ရှုမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေး အသိ၊ သတိဖြင့် ဆောင်ရွက်ကြရန်၊ ပြည်သူများ၏ ဓာတ်အားသုံးစွဲမှု မှန်ကန်မှုရှိစေရန် မီတာယူနစ်များ လိုဖတ်/ ပိုဖတ်ခြင်းမရှိစေရေး သတ်မှတ်ကာလအတွင်း မီတာများမှန်ကန်စွာ ဖတ်ရှု၍ စာရင်းရေးသွင်းရန်၊ ဓာတ်အားခများ အပြည့်အဝကောက်ခံရရှိရေးနှင့် ဓာတ်အားခငွေများ အလွဲသုံးစားမှု မဖြစ်ပေါ်စေရေး နေ့စဉ်ကောက်ခံရရှိငွေစာရင်းနှင့် ဓာတ်အားခ တောင်းခံလွှာ လက်ခံဖြတ်ပိုင်းများဖြင့် တိုက်ဆိုင်စစ်ဆေးရန်နှင့် ရပ်/ပျက်/နှေး မီတာများကို ပုံမှန်ကွင်းဆင်းစစ်ဆေး၍ အမြန်ဆုံး အစားထိုးလဲလှယ်တပ်ဆင်ပေးရန်၊ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများ စည်းလုံးညီညွတ်စွာ နေထိုင်ကြရန် မှာကြားပြီး (ယာပုံ) ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် တောင်ကြီးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတို့၌ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံးဝင်းအတွင်းရှိပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားရှိသည့်စတိုနှင့် ဝန်ထမ်းအိမ်ရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၃၆) ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင် အစည်းအဝေးနှင့် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်သို့ တက်ရောက်

**နေပြည်တော် ဇွန် ၃၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဌာန အတွင်းဝန်တို့၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပသည့် ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) ၏ ပထမအကြိမ် အာရှနှင့် ပစိဖိတ်ဒေသအတွက် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်နှင့် (၃၆) ကြိမ်မြောက် အရှေ့အာရှနှင့် ပစိဖိတ်ဒေသများနှင့်တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင် အစည်းအဝေးသို့ တက်ရောက်သည်။




ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့ရှိ Shangri-La Mactan ဟိုတယ်၌ ကျင်းပပြုလုပ်သည့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အာရှနှင့် ပစိဖိတ်ဒေသအတွက် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဖိလစ်ပိုင်နိုင်ငံ လာပူလာပူမြို့ မြို့တော်ဝန် Mr. Junard Chan၊ ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zurab Poloikashvili နှင့် ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဌာန အတွင်းဝန် Ms. Christina Garcia Frasco တို့က အဖွင့်အမှာစကား ပြောကြားကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် စုပေါင်းမှတ်တမ်းတင် ဓါတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်၏ အစီအစဉ်အရ ဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ အတွင်းဝန်၊ အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် တီထွင်ဖန်တီးမှုရှိသော စီးပွားရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဂျပန်နိုင်ငံ မြေနှင့် အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ Vice Commissioner နှင့် ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ခရီးစဉ်ဒေသ မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်း ဆွဲဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းတွင် ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေးနှင့် အကျိုးအမြတ်ရရှိစေရေး ဆောင်ရွက်ရာတွင် အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းနှင့် ဆက်စပ်၍ အရေးပါသော မူဝါဒများ မှန်ကန်စွာချမှတ်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက FAO Mountain Partnership project နှင့် စပ်လျဉ်း၍လည်းကောင်း၊ တက်ရောက်လာသည့် ကိုယ်စားလှယ်များက အစားအစာထွက် အမှိုက်များ လျှော့ချခြင်းနှင့် ဒေသထွက်ကုန်ပစ္စည်းများ ပိုမိုသုံးစွဲခြင်း၊ အာရှနှင့် ပစိဖိတ်ဒေသရှိ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း၏ အောင်မြင်မှုများ၊ အစားအသောက်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် စီဘူးမြို့၏ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ ညွှန်ကြားရေးမှူးက ဈေးကွက်ထောက်လှမ်းရေး၊ မူဝါဒများနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေးများကို လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် UN Tourism ၏ အကောင်းဆုံး ခရီးသွားကျေးရွာဆု ရရှိသည့် ကျေးရွာများသို့ သွားရောက်လေ့လာခဲ့ကြပြီး ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဇွန် ၂၈ ရက်တွင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် Sheraton Mactan ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည့်ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ (၃၆) ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှ ဒေသများအတွက် ပူးတွဲ ကော်မရှင်အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ဖိလစ်ပိုင်နိုင်ငံ သမ္မတ Mr. Ferdinand Bongbong Romualdez Marcos Jr. တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးက ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသော ရာသီဥတု ပြောင်းလဲခြင်းကို တုံ့ပြန်ရာတွင် နည်းပညာအသစ်များအပေါ် ရင်းနှီးမြှုပ်နှံရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုများကို ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေး ဆောင်ရွက်သင့်သည့် ကိစ္စရပ်များ၊ တိကျပြည့်စုံသည့်မူဝါဒများ ချမှတ်နိုင်ရေးနှင့် အဖွဲ့အစည်းများခိုင်မာအားကောင်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံပေါင်း ၄၁ နိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၅၃၈၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၃၈၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစား ကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖*ကျောဖုံးမှ*

စစ်ဆေးတွေ့ရှိချက်များအရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လစဉ်ထုတ်ပြန်သည့် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထက် ၁၀ ရာခိုင်နှုန်းအထိ အမြတ်အစွန်း ပိုမိုရယူကာရောင်းချခဲ့သည့် ဆန်စပါးလုပ်ငန်းရှင် ၂၇ ဦး၊ သတ်မှတ်ဈေးနှုန်းထက် ၁၁ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင်ရောင်းချခဲ့သည့် ဆန်စပါးလုပ်ငန်းရှင် ၂၄ ဦး၊ သတ်မှတ်ဈေးနှုန်းထက် ၃၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ပိုမို၍ အကျိုးအမြတ်များစွာ ရယူရောင်းချခဲ့သည့် ဆန်စပါးလုပ်ငန်းရှင် ၇ ဦးရှိကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်၍ သတ်မှတ်ဈေးနှုန်းထက် ၁၁ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင်ရောင်းချခဲ့သည့် ဆန်စပါးလုပ်ငန်းရှင် ၂၄ ဦးကို ၎င်းတို့ရရှိခဲ့သည့် အကျိုးအမြတ်များအပေါ် ဒဏ်ကြေးနှင့်အခွန် ထပ်မံစည်းကြပ်သွားမည်ဖြစ်ပြီး သတ်မှတ်ဈေးနှုန်းထက် ၃၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ပိုမို၍အကျိုးအမြတ်များစွာ ရယူရောင်းချခဲ့သည့် အောက်ပါဆန်စပါးလုပ်ငန်းရှင် ၇ ဦးကို ၂၀၁၂ ခုနှစ်၊ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မ-၅ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်-

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ |  လင်းကိုကိုနိုင် | Global Myanmar Trading ကုမ္ပဏီ ဒါရိုက်တာ | အမှတ်(၇၈၉)၊ အနော်ရထာလမ်း၊ အနော်ရထာ စက်မှုဇုန်၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၂ |  ကျော်ဇော်လင်း | ရတနာပုံ ဆန်စက်ပိုင်ရှင် | အမှတ်(၄၂၁၇/၄၂၁၈)၊ ရန်ကုန်-မန္တလေး (လမ်းဟောင်း)၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ။ | |
| ၃ |  မြင့်ဆွေ | Kanbawza ဆန်ရောင်း ဝယ်ရေးလုပ်ငန်း ပိုင်ရှင် | အမှတ်(၈/၆၃)၊ အသောကလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၄ |  လင်းထွဋ်နိုင် | သိင်္ဂီဆန်စက်ပွဲရုံ ဒါရိုက်တာ | အခန်းအမှတ် (B/1501)၊ Grand Mya Kan Thar Condo၊ မြကန်သာလမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၅ |  သိန်းဦး | စိန်ငါးပွင့်ဆန်ဆိုင် တာဝန်ခံ | အမှတ်(၂၂)၊ အကွက်(၄၈၆)၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | |
| ၆ |  အောင်တင် | သစ္စာရှင်ဆန်/ဆီ ရောင်းဝယ်ရေး ပိုင်ရှင် | အမှတ်(၅၅)၊ ရာမဝတီအိမ်ရာ၊ (၆၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၇ |  ဝင်းဇော် | သန့်ဆန်ဆိုင် တာဝန်ခံ | အခန်း(၇)၊ ကျွမ်းကျင်ဆောင်၊ ပြည်သူ့ဆေးရုံကြီး အိမ်ထောင်သည်လိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |

အလားတူ နေပြည်တော်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ မြို့ကြီးများရှိ ဈေးဝယ်စင်တာနှင့် စတိုးဆိုင်ကြီးများတွင် အလေးချိန်အမျိုးမျိုးဖြင့် အသင့်ထုပ်ပိုးထားသည့် ဆန်အိတ်များ (Consumer Package)ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လစဉ်ထုတ်ပြန်သည့် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထက် ပိုမိုအမြတ်တင်ရောင်းချလျက်ရှိကြောင်း သိရှိရသည့်အတွက် ဈေးဝယ်စင်တာနှင့်စတိုးဆိုင်ကြီး ၅၃ ဆိုင်၏ ဆန်ရောင်းဝယ်မှုအခြေအနေများအား လုံခြုံရေးအဖွဲ့အစည်းများက ဝင်ရောက်စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများကို ထိန်းသိမ်းစစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်များအရ အထက်ပါဈေးဝယ်စင်တာနှင့်စတိုးဆိုင်ကြီးများသည် အလေးချိန်အမျိုးမျိုးဖြင့် အသင့်ထုပ်ပိုးထားသည့် ဆန်အိတ်များ (Consumer Package)ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လစဉ်ထုတ်ပြန်သည့် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထက် ၂၀ ရာခိုင်နှုန်းအထိ အမြတ်အစွန်း ပိုမိုရယူကာ ရောင်းချလျက်ရှိသည့် စတိုးဆိုင် ၁ ဆိုင်၊ ၂၁ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင်ရောင်းချလျက်ရှိသည့် ဈေးဝယ်စင်တာနှင့်စတိုးဆိုင် ၃၀၊ ၅၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင်ရောင်းချလျက်ရှိသည့် ဈေးဝယ်စင်တာ ၂၂ ဆိုင်ရှိကြောင်း၊ ထို့အပြင် ဈေးဝယ်စင်တာနှင့် စတိုးဆိုင်အချို့မှာ ၎င်းတို့၏ ကုမ္ပဏီဝန်ထမ်းစရိတ်၊ အရောင်းမြှင့်တင်ရေးစရိတ်များကိုပါ အကျိုးအမြတ်ရယူရောင်းချသည့် နှုန်းများတွင် မလိုလားအပ်ဘဲ ထည့်သွင်းတွက်ချက် ရောင်းဝယ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

စစ်ဆေးတွေ့ရှိရသည့်ဆိုင်များအနက် သတ်မှတ်ဈေးနှုန်းထက် ၂၁ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင်ရောင်းချခဲ့သည့် ဈေးဝယ်စင်တာနှင့်စတိုးဆိုင် ၃၀ကို ၎င်းတို့ရရှိခဲ့သည့် အကျိုးအမြတ်များအပေါ် ဒဏ်ကြေးနှင့် အခွန်ထပ်မံ စည်းကြပ်သွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ဈေးနှုန်းထက် ၅၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ပိုမို၍အကျိုးအမြတ်များစွာ ရယူရောင်းချခဲ့သည့် ဈေးဝယ်စင်တာ ၂၂ ဆိုင်မှ အောက်ပါ တာဝန်ရှိသူ ၄ ဦးကို ၂၀၁၂ ခုနှစ်၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ-၅ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်-

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ |  မျိုးသန့် | One Stop Mart ဒါရိုက်တာ | အမှတ်(၄၂၉)၊ သစ္စာဝါရီလမ်း၊ မေတ္တာညွန့် ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၂ |  ဖြိုးမင်းကျော် | City Mart Holding ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် | အမှတ်(၅၉)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၃ |  မောင်မောင်ဝင်း | Sein Gay Har Trading ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ | အမှတ်(၈၉/ဗီ)၊ နှင်းဆီကုန်းလမ်း၊ စောရန်ပိုင် (အနောက်) ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၄ |  Mr.Kasamatsu Hiroshi | Aeon Orange ဒါရိုက်တာ | တိုက်(ဒီ)၊ ၁၂ ထပ်၊ တာဝါ(၁)၊ (၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |

ထိုသို့ ဆန်ဈေးနှုန်းများ မြှင့်တင်ရောင်းချမှုများကြောင့် အခြေခံပြည်သူများမှာ ဆန်ဈေးနှုန်းမြင့်မားစွာဖြင့် ဝယ်ယူစားသုံးရလျက်ရှိသည့်အပြင် နိုင်ငံတော်၏စီးပွားရေး ဈေးကွက်တည်ငြိမ်မှုကိုလည်း အနှောင့်အယှက်ဖြစ်စေခဲ့သဖြင့် ၎င်းတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အလားတူ ပြည်သူလူထု၏စားဝတ်နေရေး အကျပ်အတည်းဖြစ်စေရန် ပြည်တွင်းဆန်ဈေးကွက်အတွင်း၌ ဆန်ဈေးနှုန်းများကို သင့်တင့်မျှတသောဈေးနှုန်းများထက် ပိုမိုရောင်းချဆောင်ရွက်နေသူများကိုလည်း စိစစ်ဖော်ထုတ်ကာ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ဆန်ဈေးကွက်အတွင်း ဝယ်ယူစားသုံးရာတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လစဉ်ထုတ်ပြန်သည့် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထက် ပိုမို၍အမြတ်အစွန်းရယူရောင်းချနေကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## မုံရွာမြို့ပြည်ထောင်စုဈေးကြီး၌ သတ်မှတ်အခြေခံဈေးနှုန်းဖြင့် ဆန်များရောင်းချပေး

**မုံရွာ ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်သော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆန်ကုန်သည်နှင့် ဆန်စက်လုပ်ငန်းရှင်များ ပူးပေါင်းကာ မုံရွာမြို့ ပြည်ထောင်စုဈေးကြီးတွင် ယမန်နေ့နံနက်ပိုင်းက စားသုံးသူပြည်သူများအတွက် ပေါ်ဆန်းမွှေးဆန်၊ ရေမာင်းဆန်နှင့် ဧည့်မထဆန်များကို သတ်မှတ်အခြေခံဈေးနှုန်းတို့ဖြင့် ရောင်းချပေးသည်။

ရောင်းချပေးသောဆန်များမှာ ရွှေဘိုပေါ်ဆန်းဆန် တစ်ပြည် ငွေကျပ် ၅၈၀၀၊ ရေမာင်းဆန် တစ်ပြည် ငွေကျပ် ၄၂၀၀၊ ဧည့်မထဆန် တစ်ပြည် ငွေကျပ် ၂၈၀၀ ဖြစ်ပြီး တစ်ဦးလျှင် စုစုပေါင်း နှစ်ပြည်နှုန်းဖြင့် လူဦးရေ ၁၀၀၀ ကျော်ခန့်ကို ရောင်းချပေးခဲ့ရာ ရွှေဘိုပေါ်ဆန်းဆန် ၁၅ အိတ်၊ ရေမာင်းဆန် အိတ် ၃၀၊ ဧည့်မထဆန် အိတ် ၂၀ စုစုပေါင်း ဆန်အိတ် ၆၅ အိတ်ကို စားသုံးသူပြည်သူများ လက်ဝယ်ရောင်းချပေးသည်။

အလားတူ စားသုံးသူပြည်သူများအတွက် စားသုံးဆီများကိုလည်း သတ်မှတ်ဈေးနှုန်းနှင့်အညီ တစ်ဦးလျှင် ၅၀ ကျပ်သားနှုန်းဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများ၊ ဈေးရောင်း ဈေးဝယ်များက စနစ်တကျ ဝယ်ယူအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Saga Refrigerator – Freezer ၁၃၈ လုံး၊ တရုတ်နိုင်ငံထုတ် 4'' Wall Mounted Speaker ၁၀ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၉၇၀၀၀) ကိုလည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Motorcycle Battery နှင့် Electric Vehicle Battery အလုံး ၆၉၅၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၈၅၂၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၃၁၇၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၈ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်၌ လိုင်စင်မဲ့ Kanadi Click မော်တော်ဆိုင်ကယ် တစ်စီးအပါအဝင် စုစုပေါင်း မော်တော်ဆိုင်ကယ် ခြောက်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၈၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၂၈ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုက်မရောမြို့နယ် ကျိုက်မရောလမ်းဆုံ၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Yam Yam ခေါက်ဆွဲခြောက်ဖာ ၈၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၁၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၃၁၂၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု

သို့ဖြစ်၍ ဇွန် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၇၀၇၂၀၀၁၃) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## သာပေါင်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သာပေါင်း ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာ အလယ်တန်းကျောင်း(ချင်းကုန်း)၌ ကျင်းပသည်။

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် မြို့နယ်သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဝင်းဇော်တို့က စိုက်ပျိုးမည့် ပျိုးပင်များကို ပေးအပ်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုလှိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ အရိပ်ရအပင် မန်ကျည်းရှားပင် ၂၀၀၊ မဟော်ဂနီပင် ၁၅၀၊ ခရေပင် ၁၀၀၊ ကျွန်းပင် ၅၀၊ စိန်ပန်းပင် ၁၀၀၊ မအူပင် ၁၀၀၊ ဗာဒံပင် ၂၀၊ ပေါင်းအပင် ၇၂၀ တို့ကို ကျောင်းအတွင်း စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



**မျိုးဇော်သိန်း (ပြန်/ဆက်)**

## ရပ်စောက်မြို့နယ်၌ မိုးရာသီ(ဒုတိယအကြိမ်) သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရပ်စောက် ဇွန် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အင်းခေါင်းကန်၌ ၂၀၂၄ ခုနှစ် မိုးရာသီ(ဒုတိယအကြိမ်)သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၃၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ ဗထူးတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးက အမှာစကားပြောကြားပြီး စိုက်ပျိုးမည့်သစ်ပင်များအား ဗထူးတပ်နယ်မှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများထံ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကျွန်း၊ စိန်ပန်းပြာ၊ မျောက်ငို၊ ခါတော်မိစသည့် သစ်အမျိုးအစားလေးမျိုး စုစုပေါင်းအပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မင်းဘူးခရိုင်၌ မိုးစပါး ဧက ၈၀၀၀၀ ကျော်အတွက် မဲဇလီရေလှောင်ဆည်မှ ပျိုးထောင်ရေများ စတင်ပေးဝေ

**မင်းဘူး ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန လက်အောက်ရှိ မဲဇလီရေလှောင်ဆည်မှ ဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးရန် ဧကပေါင်း ၈၀၀၀၀ ကျော်သို့ စိုက်ပျိုးရေများ ဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီး ယခုအခါ ပျိုးထောင်ရေများ စတင်ပေးဝေလျက်ရှိကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မဲဇလီရေလှောင်ဆည်သည် မကွေးတိုင်းဒေသကြီး၏ ဆန်အိုးကြီးဟု တင်စားခေါ်ဝေါ်သော မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ တည်ရှိပြီး နှစ်ပေါင်း ၁၁၀ ကျော် သက်တမ်းရှိကာ ရှေးယခင်ကတည်းက တောင်သူအကျိုးပြုအားကိုးအားထားပြုရသော အဓိက ဆည်ကြီးတစ်ခုဖြစ်ကြောင်း၊ မဲဇလီရေလှောင်ဆည်မှ ဆည်ရေများကို မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်တို့မှ ဒေသခံတောင်သူများအတွက် နွေ၊ မိုး၊ ဆောင်းသီးနှံစိုက်ပျိုးချိန် ရာသီအလိုက် ဖြန့်ဝေပေးလျက်ရှိရာ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် စိုက်ပျိုးရေများကို ဇွန် ၂၀ ရက်မှ စတင်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မဲဇလီဆည်ရေသောက် ဧရိယာအတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် ဆည်ရေအလေအလွင့်ဆုံးရှုံးမှုများပြားသည့် မိရိုးဖလာ (ကွက်ဆင့်သောက်) ရေသွင်းစနစ်ကို မကျင့်သုံးဘဲ လယ်ကြားမြောင်းများတူးဖော်၍ ဆည်ရေကို လိုအပ်သောအချိန်၊ လိုအပ်သောနေရာ၌ စနစ်တကျ ရယူသုံးစွဲတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ လက်တံမြောင်း၊ လယ်ကြားမြောင်းများ တူးဖော်ရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရန် ပေါင်းမြက်ရှင်းလင်းရေး၊ ရေမြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို လယ်လုပ်ငန်းခွင်မစတင်မီ ကြိုတင်ဆောင်ရွက်နိုင်စေရန်အတွက် တောင်သူအသိပညာပေးခြင်း အစီအစဉ်များကို သီးနှံစိုက်ပျိုးမှုရာသီချိန်အလိုက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ကြားမြောင်းများ တူးဖော်ဆောင်ရွက်ခြင်းဖြင့် ဆည်ရေရယူသည့် ဒေသခံတောင်သူအချင်းချင်း အငြင်းပွားမှုများ လျော့နည်းကာ ဆည်ရေပေးဝေမှုကို အလှည့်ကျစနစ်ဖြင့် စနစ်တကျ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ကျေးရွာအလိုက် ရေအသုံးချသူများအဖွဲ့ (WUG)များ ဖွဲ့စည်းပြီး ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာဌာန၊ တောင်သူအကျိုးဆောင် အဖွဲ့အစည်းများ ပူးပေါင်းကာ စိုက်ပျိုးရေကို အကျိုးရှိရှိ ထိရောက်စွာ ရယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲထွဋ်အောင်က ပြောသည်။



မဲဇလီ ဆည်ရေသောက်ဧရိယာအတွင်း၌ နွေစပါးနှင့် နွေသီးနှံများအတွက် စိုက်ပျိုးရေများကို အောင်မြင်စွာပေးဝေနိုင်ခဲ့ပြီး ယခုအခါ မိုးစပါးများစိုက်ပျိုးရန် ပျိုးထောင်ရေများ စတင်ပေးဝေနေပြီဖြစ်ကာ မင်းဘူးခရိုင်၌ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် မဲဇလီရေလှောင်ဆည်မှ ဆည်ရေများဖြင့် မိုးစပါး ဧကပေါင်း ၈၀၀၀၀ ကျော်အတွက် စိုက်ပျိုးရေများ လုံလောက်စွာ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

*မြန်မာအမျိုးသမီးများနေ့ အကြိုဂုဏ်ပြုဆောင်းပါး*

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးတို့၏ စွမ်းဆောင်ရည်

**မြန်မာမှုနယ်ပယ်တွင် "ပုခက်လွှဲသောလက်သည် ကမ္ဘာကိုအုပ်စိုးနိုင်၏"ဟူသောစကားတစ်ခွန်းကို လူတိုင်းကြားဖူးကြမည်ဖြစ်သည်။ မိခင်ဖြစ်လာမည့် အမျိုးသမီးတို့၏ ဗီဇစွမ်းအားကို ဖော်ကျူးထားခြင်းပင်ဖြစ်သည်။ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၊ သိပ္ပံပညာရှင်ကြီးများ၊ ထင်ရှားသော သမ္မတကြီးများ၊ ဝန်ကြီးချုပ်များ၊ စစ်ဗိုလ်ချုပ်ကြီးများသည် သားကောင်းမိခင်များဖြစ်ကြသည့် အမျိုးသမီးများကသာ မွေးဖွားပြုစုခဲ့ကြပြီး ထိုဘဝမျိုးကို ပိုင်ဆိုင်ရယူခဲ့ကြသူများပင်ဖြစ်သည်။**

***ဆုလတ်မေ***

အမျိုးသမီး (သို့မဟုတ်) မိန်းမသားများသည် ပင်ကိုသဘာဝအရ နူးညံ့သိမ်မွေ့ကြသည်။ လုပတင့်တယ်ကျက်သရေရှိခြင်း အသွင်သဏ္ဌာန်ကို ဆောင်ကြသည်။ ထို့ကြောင့် အမျိုးသမီးများကို ပန်းပွင့်လေးများဖြင့် တင်စားလေ့ရှိကြသည်။ အမျိုးသမီးများသည် ပန်းပွင့်လေးများကဲ့သို့ နူးညံ့လုပခြင်း၊ နွဲ့နှောင်းခြင်း၊ ဂုဏ်သတင်းကျော်ဇောခြင်းနှင့် မြင်ရသူတို့၏ဘဝင်နှလုံးကို ကြည်နူးနှစ်သက်အောင် စွမ်းဆောင်နိုင်သည့် တင့်တယ်မှုမျိုးလည်း ရှိပေသည်။ လူသားတိုင်းတွင် စွမ်းရည်နှင့် တန်ဖိုးကိုယ်စီ ရှိကြသည်။ ထိုအထဲတွင် အမျိုးသမီးများလည်း ပါဝင်သည်။ ယနေ့ခေတ်တွင် အမျိုးသမီးများအနေဖြင့် ချက်ပြုတ်၊ လျှော်ဖွပ်ခြင်း စသောအိမ်မှုကိစ္စများဖြင့်သာ အချိန်ကုန်နေခြင်းမျိုး မဟုတ်ပေ။ အမျိုးသမီးတို့၏ စွမ်းရည်နှင့်တန်ဖိုးကို အသုံးချနိုင်သောအနေအထားသို့ ပြောင်းလဲလာကြပြီဖြစ်သည်။

### သာတူညီမျှ လူ့အခွင့်အရေး

မြန်မာအမျိုးသမီးများသည် ရှေးအစဉ်အလာကတည်းက အမျိုးသားများနည်းတူ သာတူညီမျှ လူ့အခွင့်အရေးများကို ယနေ့အထိ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီစွာ ခံစားနေကြရပြီး ခေတ်အဆက်ဆက်တွင် မိသားစု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်အသီးသီးတွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရင်ပေါင်တန်းပြီး လွတ်လပ်တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "မြန်မာအမျိုးသမီးများအနေဖြင့် အခြေခံအကျဆုံးဖြစ်သော မိသားစုတာဝန်မှစ၍ ကဏ္ဍစုံ၊ နယ်ပယ်စုံများတွင် အမျိုးသမီးများ၏အခန်းကဏ္ဍသည်တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားလာနေပြီကို တွေ့မြင်နေရပြီဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် အာဆီယံဒေသ အဆင့်တွေမှာ မြန်မာနိုင်ငံ၏အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကတိကဝတ်ပြုမှုများကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ဒေသဆိုင်ရာကော်မတီအဆင့်ဟူ၍ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများ အထူးသဖြင့် ငယ်ရွယ်သူအမျိုးသမီးများ၏ လူမှုစီးပွားဘဝအခြေအနေ မြင့်မားရေးတွင် အမျိုးသမီး



ပထမဆုံး မြန်မာအမျိုးသမီးခွဲစိတ်ဆရာဝန်
ဒေါက်တာ စောဆ

များဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကဏ္ဍစုံတွင်အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်ခွင့်ရရှိနိုင်ရေး အမျိုးသမီးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာစေရန် ဆောင်ရွက်သွားကြရန်လိုကြောင်း" ပြောကြားခဲ့ပါသည်။

### လိုအပ်ချက်များကို ဖြည့်ဆည်း

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ် ကိန်းဂဏန်းအရ အစိုးရဌာနများတွင် အမျိုးသမီးများ ပါဝင်တာဝန်ထမ်းဆောင်မှုနှုန်းအနေဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့်တွင် ၂၆ ဒသမ ၂ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်တွင် ၄၃ ဒသမ ၃ ရာခိုင်နှုန်း၊ ညွှန်ကြားရေးမှူးအဆင့်တွင် ၅၂ ဒသမ ၆ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်တွင် ၅၆ ဒသမ ၆ ရာခိုင်နှုန်း၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်တွင် ၅၇ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။ ကိန်းဂဏန်းအချက်အလက်များအရ ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုကဏ္ဍတွင် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်သည် များစွာတိုးတက်မြင့်မားနေပြီး ကျား၊ မ ရေးရာ တန်းတူညီမျှမှုရှိနေကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့၏ **"ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ဆန်းသစ်စို့"**ဆောင်ပုဒ်သည် အမျိုးသမီးများ၏ ထိခိုက်လွယ်သော အုပ်စုများကို နည်းပညာလက်လှမ်းမီရရှိစေခြင်းဖြင့် အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း




ပထမဆုံး မြန်မာနိုင်ငံမြေပုံရေးဆွဲသူ
ဒေါက်တာ ဒေါ်သင်းကြည်

ပေးနိုင်မည်ဖြစ်သလို ကျား၊ မ တန်းတူညီမျှမှုကို ပိုမိုမြှင့်တင်ပေးနိုင်မည့် အလားအလာများကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုသော အမျိုးသမီးများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးတွင် အရေးပါသော အင်အားစုတစ်ရပ်ဖြစ်ပြီး နိုင်ငံအတွက် အလွန်အဖိုးတန်သော လူသားအရင်းအမြစ်များ ဖြစ်ကြသည်။ မြန်မာအမျိုးသမီးများသည် လောကကို တစ်ဖက်တစ်လမ်းက တာဝန်ယူသူ၊ လူငယ်လူရွယ်များ၏ အနာဂတ်ကို လှပအောင် ဖန်တီးသူဥယျာဉ်မှူးများ ဖြစ်ကြသည်။ တစ်နည်းအားဖြင့် အနာဂတ် နိုင်ငံတော်အတွက် လူစွမ်းအားအရင်းအမြစ်များကို ပုံသွင်းထုဆစ်ပေးကြသော ဗိသုကာပညာရှင်များဖြစ်ကြသည်။ ထို့ကြောင့် မိသားစု၊ လူ့အဖွဲ့အစည်းများမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် ငယ်ရွယ်သူ အမျိုးသမီးငယ်များအတွက် ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးရေးကို မြှင့်တင်လုပ်ဆောင်သွားကြမည်ဖြစ်သည်။

### မြန်မာအမျိုးသမီးများ၏စွမ်းရည်

မြန်မာ့ရာဇဝင်တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းကြရာ၌ ကျမ်းတစ်စောင်၊ ပေတစ်ဖွဲ့၊ ညွှန်းဖွဲ့စာတင်လောက်သည့် မြန်မာအမျိုးသမီးများစွာရှိပါသည်။ မြန်မာအမျိုးသမီးများ၏ သမိုင်းကြောင်းကို ပြန်လှန်ကြည့်ပါလျှင် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ဇာတိပုည ဂုဏ်မာနဟူသည့် စောင့်ထိန်းအပ်သောတရားတို့ကို ကျင့်ကြံခဲ့ကြသူများဟု တွေ့မြင်ရမည်ဖြစ်သည်။ ဂုဏ်ဟူသည်မှာ ပါဠိဘာသာစကားဖြစ်၍ မျိုးရိုး၊ မျိုးနွယ်၊ ဇာတိစိတ်ဟူသည့် ဗီဇစိတ်ဖြစ်ကာ ဇာတိဉာဏ်မှာ မွေးကတည်းကပါလာသော ပင်ကိုဉာဏ်ဖြစ်သည်။ ဇာတိမာန်မှာ အမျိုးအနွယ်ကိုစွဲ၍ဖြစ်သော မာန်မာနဖြစ်သည်။

မြန်မာ့သမိုင်းတွင် ကိုလိုနီခေတ်လွတ်လပ်ရေးကြိုးပမ်းမှုကာလများ၌ အမျိုးသားများနှင့် ရင်ပေါင်တန်း တိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသမီးသူရဲကောင်းများရှိသကဲ့သို့ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း မြန်မာအမျိုးသမီးတို့သည် နေရာအနှံ့၊ ကဏ္ဍအစုံ၌ နိုင်ငံတော်အကျိုးကို သယ်ပိုးခဲ့ကြသည်။ ၁၉၅၅ ခုနှစ်တွင် တပ်မတော်(ကြည်း)၌ အမျိုးသမီးများ စစ်မှုထမ်းခွင့်ရခဲ့သည်။ အမိနိုင်ငံတော်စစ်သမီးကောင်းဇာနည်များဖြစ်သော ဗိုလ်ကြီး ဒေါ်ကြင်စီ၊ ဗိုလ်မှူး ဒေါ်ခင်ထား၊ ဗိုလ်မှူးဒေါ်ရင်တို့ကား စွမ်းအားထက်မြက်သော မြန်မာအမျိုးသမီးများ၏ သတ္တိကို ပြသနိုင်ခဲ့သည်။ ထို့ပြင် ခေတ်အဆက်ဆက်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များ၌ အသိပညာ၊အတတ်ပညာ၊အနုပညာဆိုင်ရာ နယ်ပယ်များတွင် ထူးချွန်ထက်မြက်သည့် မြန်မာအမျိုးသမီးများ ပေါ်ထွက်ခဲ့ပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၅၄ သန်းကျော်တွင် အမျိုးသမီးပါဝင်မှုမှာ ၅၂ ရာခိုင်နှုန်းဖြစ်သည်။ နယ်ပယ်စုံ၊ ကဏ္ဍစုံများတွင် အမျိုးသမီးများ၏အခန်းကဏ္ဍသည် တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားနေပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များတွင် စစ်မှုထမ်း၊ ရဲမှုထမ်းများအဖြစ် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ စာအုပ်စာပေလေ့လာခွင့်ရအောင်၊ အသိဉာဏ်တိုးပွားအောင် စာပေကိုလေ့လာကြရာတွင်လည်း အမျိုးသားများနည်းတူ အမျိုးသမီးများလည်း စာကောင်းပေမွန်များကို ရေးသားနိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ပထမဆုံးသော အမျိုးသမီးအယ်ဒီတာအဖြစ် ဒေါ်ဖွားရှင်၊ အမျိုးသမီးရေးစာဆိုရှင်များအဖြစ် မယ်ခွေ၊ လှိုင်ထိပ်ခေါင်တင်၊ ဂျာနယ်ကျော်မမလေး၊ နုယဉ်၊ ငွေတာရီ စသည့်တန်ဖိုးရှိလှသော စာပေအနုပညာရှင်များ ပေါ်ပေါက်ခဲ့သည်။ ထို့နည်းတူ ပထမဦးဆုံး ဆေးပညာ F.R.C.S ဘွဲ့ကို Royal College of Surgeons ကျောင်းမှ ၁၉၁၂ ခုနှစ်တွင် ဒေါက်တာစောဆက မြန်မာအမျိုးသမီးတစ်ဦးအဖြစ် ထူးချွန်စွာ ရရှိခဲ့သည်။

မြန်မာနိုင်ငံ၏ ပထမဆုံးမြေပုံကို ပထမဆုံး ရေးဆွဲသူမှာလည်း မြန်မာအမျိုးသမီး ဒေါ်သင်းကြည် ဖြစ်သည်။ မြန်မာအမျိုးသမီးတို့၏ စွမ်းရည်သည် အံ့မခန်းပင်ဖြစ်သည်။

### တာဝန်ထမ်းကြသည်ချင်းမတူ

အမျိုးသမီး၊ အမျိုးသားများသည် လွတ်လပ်စွာ မွေးဖွားလာကြသူများဖြစ်ပြီး တူညီသည့် လူ့ဂုဏ်သိက္ခာရှိကြသူများဖြစ်သော်လည်း လိင်ကွဲပြားမှုအပေါ်မူတည်၍ လူ့လောကကြီးတွင် တာဝန်ထမ်းဆောင်သည့် အကျိုးပြုသည့်ပုံစံ၊ အခြေအနေများသည် ကွာခြားကြသည်။ အမျိုးသမီးများအတွက် အကြီးမားဆုံးနှင့် ဂုဏ်အယူရဆုံးတာဝန်မှာ မိခင်ဖြစ်ခွင့်ရခြင်းဆိုသည့် တာဝန်ဖြစ်သည်။ မည်မျှပင်ကြီးကျယ်ခမ်းနားတော်သည့် အမျိုးသားများဖြစ်ပါစေ ထိုသူတို့အတွက် မိခင်နေရာမှာရှိနေသူ၊ ထိုသူတို့အတွက် ဂုဏ်ယူမဆုံးဖြစ်နေသူသည် မိခင်ဆိုသည့် အမျိုးသမီးများသာဖြစ်သည်။ ယနေ့အချိန်တွင် အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချမှတ်နိုင်သူအဖြစ်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်အဖြစ်လည်းကောင်း၊ ပညာရှင်များအဖြစ်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများအဖြစ် လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းများအဖြစ် လည်းကောင်း၊ သာမန်အောက်ခြေဝန်ထမ်းလုပ်သားများအဖြစ် လည်းကောင်း နယ်ပယ်၊ ကဏ္ဍအစုံစုံတွင် လုပ်သားအင်အားစုအဖြစ် တည်ရှိနေပြီဖြစ်သည်။ ထိုသို့ လုပ်ငန်းခွင်အတွင်း တာဝန်များ ထမ်းဆောင်နေကြပြီး

*စာမျက်နှာ ၁၁ သို့*

❖ **မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုသော အမျိုးသမီးများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်ရေးတွင် အရေးပါသောအင်အားစုတစ်ရပ်ဖြစ်ပြီး နိုင်ငံအတွက် အလွန်အဖိုးတန်သော လူသားအရင်းအမြစ်များဖြစ်**

❂ **မြန်မာ့သမိုင်းတွင် ကိုလိုနီခေတ်လွတ်လပ်ရေးကြိုးပမ်းမှုကာလများ၌ အမျိုးသားများနှင့် ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသမီးသူရဲကောင်းများရှိသကဲ့သို့ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း မြန်မာအမျိုးသမီးတို့သည် နေရာအနှံ့၊ ကဏ္ဍအစုံ၌ နိုင်ငံတော်အကျိုးကို သယ်ပိုးခဲ့ကြ**

## မြန်မာစာ မြန်မာစကား

### နည်းတူ၊ ကဲ့သို့ ခွဲသိဖို့

မ – မပါသော ကြိယာနှင့် သုံးလျှင် **တူညီသည့်အဓိပ္ပာယ်** ရသည်။

မောင်မောင် **နည်းတူ** ကျွန်တော် **ပြေးနိုင်သည်။**

မောင်မောင် **ကဲ့သို့** ကျွန်တော် **ပြေးနိုင်သည်။**

(မောင်မောင်ရော ကျွန်တော်ပါ **ပြေးနိုင်သည်။** နှစ်ဦးစလုံး၏ **အပြေးစွမ်းရည်တူညီမှု** ကို ပြသည်။)



မ – ပါသော ကြိယာနှင့်သုံးလျှင် အဓိပ္ပာယ်ကွဲသည်။ အဓိပ္ပာယ်သက်ရောက်မှုရှုပ်သည်။

၁။ မောင်မောင်**နည်းတူ** ကျွန်တော် မပြေးနိုင်ပါ။

(က) မောင်မောင်မပြေးနိုင်သလို ကျွန်တော်ပါ မပြေးနိုင်။



(ခ) မောင်မောင် ပြေးနိုင်သလောက် မြန်အောင် ကျွန်တော်မပြေးနိုင်ပါ။ သို့သော် ပြေးတော့ ပြေးနိုင်သည်။



၂။ မောင်မောင်**ကဲ့သို့** ကျွန်တော် မပြေးနိုင်ပါ။

(က) မောင်မောင်သာ ပြေးနိုင်သည်။ ကျွန်တော် မပြေးနိုင်ပါ။

(ခ) မောင်မောင်ပြေးနိုင်သလောက် မြန်အောင် ကျွန်တော် မပြေးနိုင်ပါ။ သို့သော် ပြေးတော့ ပြေးနိုင်သည်။

ထို့ကြောင့် **နည်းတူ** နှင့် **ကဲ့သို့** ကို မ ပါသော ကြိယာနှင့် သုံးလျှင် ရှေ့ကတ္တားတွင် သက်ဆိုင်ရာကြိယာကို အောက်ပါအတိုင်း ဖြည့်သုံးမှ အဓိပ္ပာယ် တည့်သည်။ ရှင်းသည်။

၁။ မောင်မောင်<u>**မပြေးနိုင်သည့်**</u> နည်းတူ ကျွန်တော် မပြေးနိုင်ပါ။

၂။ မောင်မောင်<u>**ပြေးနိုင်သည့်**</u>နည်းတူ ကျွန်တော် မပြေးနိုင်ပါ။

၃။ မောင်မောင်<u>**မပြေးနိုင်သကဲ့သို့**</u> ကျွန်တော်မပြေးနိုင်ပါ။

၄။ မောင်မောင်<u>**ပြေးနိုင်သကဲ့သို့**</u> ကျွန်တော်မပြေးနိုင်ပါ။




မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေးဟောပြော

**မန္တလေး ဇွန် ၃၀**

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၉ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် Diamond Plaza ရှိ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူး ဦးဝေလင်းက သန်းခေါင်စာရင်း ကောက်ယူခြင်း၏ အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်များ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း ဆောင်ရွက်မည့် ကာလနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် လူထု အသိပညာပေး လုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေမှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် ပါဝင်မည့် အချက်အလက်များ၊ သန်းခေါင်စာရင်း ကောက်ယူရာတွင် စာရင်းကောက်များ လိုက်နာရမည့်အချက်များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေး၍ အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် အမှုဆောင်များ၊ အသင်းသူ အသင်းသားများနှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း အင်အား ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**

## စလင်းမြို့နယ်၌ သင့်တင့်မျှတသောရည်ညွှန်းဈေးဖြင့် အိမ်ထောင်စု ၂၈၈ စုအား ဆန်များရောင်းချပေး

**စလင်း ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ စားသုံးသူပြည်သူများအတွက် သင့်တင့်မျှတသော ရည်ညွှန်းဈေးဖြင့် ဆန်များရောင်းချပေးခြင်းကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်ကြီးကြပ်၍ ဆန်စက်လုပ်ငန်းရှင်များနှင့်ပူးပေါင်းပြီး ဈေးမရပ်ကွက် စည်ပင်သာယာပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌ ဇွန် ၃၀ ရက် နံနက်က ရောင်းချပေးသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းနှင့် စလင်းမြို့ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ကာ စလင်းမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ဈေးပဒေသာဆန်များကို မည်သူမဆို လွတ်လပ်စွာ ဝယ်ယူစားသုံးနိုင်ရန် ရည်ရွယ်၍ ကာလပေါက်ဈေးထက် လျှော့ချပြီး တစ်ပြည်လျှင် ကျပ် ၄၇၅၀ နှုန်းဖြင့် ရောင်းချခဲ့ရာ အိမ်ထောင်စု ၂၈၈ စုအား ၂၄ ပြည်ပါ ဆန်အိတ် ၁၂ အိတ် ရောင်းချပေးနိုင်ခဲ့ကြောင်း ဆန်စက်လုပ်ငန်းရှင်များအသင်းမှ သိရသည်။ **မောင်လွင်(စလင်း)**

*စာမျက်နှာ ၁၀ မှ*

အမျိုးသမီးများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှသာ ယင်းနှင့်ဆက်စပ်နေသည့် မိသားစု၊ မိသားစုမှသည် လူမှုအဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်းမှသည် နိုင်ငံတော်အထိ သာယာဝပြောမည်ဖြစ်သည်။

**မြန်မာအမျိုးသမီးများနေ့**

အချုပ်အားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဖွဲ့စည်းခဲ့သော ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၈ ခုနှစ်မှစ၍ မြန်မာအမျိုးသမီးများ၏ ထူးချွန်ထက်မြက်သော စွမ်းဆောင်ရည်များနှင့် လေးစားဂုဏ်ယူဖွယ် ဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

သို့ဖြစ်ရာ အမျိုးသမီးများ၏ အခွင့်အရေးနှင့်ဘဝများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးရန် လိုအပ်သကဲ့သို့ အမျိုးသမီးငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးမှအစ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ဘဝလုံခြုံရေးအတွက်ပါ ကာကွယ်စောင့်ရှောက်ပေးကြရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးများကလည်း ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသမီးတို့၏ဂုဏ်ရည်ကို မပျက်ယွင်း မပျောက်ပျက်စေဘဲ မိမိတို့၏အမျိုးသမီးဘဝကို အစဉ်မြတ်နိုးတန်ဖိုးထားကြရမည်ဖြစ်သည်။ သို့မှသာ အစဉ်အလာကြီးမားသော မြန်မာအမျိုးသမီးတို့၏ဂုဏ်သည် မြင့်မားလာပြီး အနာဂတ်အမျိုးသမီးများဘဝ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ မည်သို့ဆိုစေ ခေတ်အဆက်ဆက်က တည်ရှိခဲ့သော မြန်မာအမျိုးသမီးတို့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းလျက် နိုင်ငံသစ်ကြီးတည်ဆောက်ရေးတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းကာ တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေးသည် မြန်မာအမျိုးသမီးတို့၏ အဓိကတာဝန်ကြီးပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာအမျိုးသမီးတို့သည် အစဉ်အလာနှင့် ဂုဏ်သိက္ခာ မြင့်မားသူများပီပီ "မြန်မာအမျိုးသမီးများနေ့"ကို လှိုက်လှဲစွာ ကြိုဆိုရင်း မိမိတို့အပေါ်ကျရောက်သည့် အမျိုးသားရေးတာဝန်ကြီးကို အောင်မြင်အောင် မလျှော့သောဇွဲ၊ သတ္တိတို့ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။

**ကိုးကား –**

**နေ့စဉ်ထုတ်သတင်းစာများ**

**ဆရာဖြိုးသာရ၏ မြန်မာ့နေ့ထူးနေမြတ်များစာအုပ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ပေါ် မြေနိမ့်ရပ်ကွက်များအတွင်း ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ရေဘေးရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးထောက်ပံ့

**မြစ်ကြီးနား ဇွန် ၃၀**

မြန်မာပြည်မြောက်ဖျားပိုင်း ကချင်ပြည်နယ်အတွင်း မေခနှင့် မလိခမြစ်အထက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၏ စိုးရိမ်ရေမှတ် ၁၂၀၀ စင်တီမီတာရှိသည့်အနက် ဇွန် ၃၀ ရက် နံနက်ပိုင်းမှစတင်ပြီး မြင့်တက်လာခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် စိုးရိမ်ရေမှတ်အောက် ၁၁၄၀ စင်တီမီတာအထိ မြင့်တက်ခဲ့သဖြင့် မြို့မြေနိမ့်ပိုင်းရပ်ကွက်များတွင် ရေများဝင်ရောက်ခဲ့ပြီး **(အောက်ပုံ)** ပြည်သူ များအား လတ်တလောရေဘေးရှောင်စခန်းကိုးနေရာဖွင့်လှစ်၍ ကူညီကယ်ဆယ်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ မွန်းလွဲ ၂ နာရီက ရေဘေးရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့ပေးသည်။

ထိုသို့ သွားရောက်တွေ့ဆုံအားပေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်အတွင်း မြစ်ရေများ လူနေအိမ်များတွင် ဝင်ရောက်နေမှုအခြေအနေများနှင့် ရေဝင်ရောက်လျက်ရှိသည့် နေအိမ်များမှ ပြည်သူများအား ပြည်ခိုင်ဖြိုးရုံး၌ ယာယီရေဘေးရှောင်စခန်းဖွင့်လှစ်၍ နေထိုင်မှုအခြေအနေများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဘေးရှောင်အိမ်ထောင်စု ၂၅ စု၊ လူဦးရေ ၁၀၇ ဦးတို့အတွက် ခေါက်ဆွဲခြောက်ဖာများ၊ ရေသန့်ဘူးများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့သည့် တစ်ပတ်စာဆန်ရိက္ခာဖိုးငွေကျပ် ၁၂၁၈၀၀ တို့ကို ထောက်ပံ့ပေးအပ်ပြီး **(အပေါ်ပုံ)** မိသားစုများအတွက် နေ့လယ်စာ၊ ညစာထမင်းဘူးများ စီစဉ်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။





ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရမ်ပူရပ်ကွက် နယ်မြေ (၁၁)အတွင်း ကြက်ပေါင်ခြံရပ်ကွက် မြေနိမ့်နေရာများမှ ပြည်သူများအား မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးဆောင်ရွက်၍ ရွှေဆုပန်ဘုန်းတော်ကြီးကျောင်း၌ ယာယီရေဘေးရှောင်စခန်းဖွင့်လှစ်ထားရှိမှု၊ ကြက်ပေါင်ခြံအနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေဝင်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးရှောင်ပြည်သူများအား ဧရာဝတီမြစ်ရေ ထပ်မံမြင့်တက်လာနိုင်ခြေရှိသည့်အတွက် ရေဘေးလွတ်ရာနေရာများတွင် ခေတ္တခိုလှုံနေထိုင်နိုင်ရေး၊ ကလေးငယ်များ ကျောင်းတက်နိုင်ရေး၊ ကျန်းမာရေးအထူးဂရုပြုနေထိုင်ကြရေး အားပေးမှာကြားပြီး ရေဘေးရှောင်မိသားစု ၄၅ စု၊ လူဦးရေ ၂၀၀ ကျော်တို့အတွက် ခေါက်ဆွဲခြောက်ဖာများ၊ ရေသန့်ဘူးများ၊ အချိုရည်ဘူးများ၊ တစ်ပတ်စာဆန်ရိက္ခာဖိုးငွေအဖြစ် ထောက်ပံ့ငွေကျပ် ၅၂၅၀၀၀ နှင့် ကူညီကယ်ဆယ်ရေးဆောင်ရွက်သည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ အောင်ဇေရန်အောင်ဘုရားဝင်းအတွင်း မြို့သစ်ကြီးရပ်ကွက်အတွင်း ရေဝင်ရောက်မှုကြောင့် ရေဘေးရှောင်တိမ်းလာသောမိသားစုများအား ဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၊ ဇရပ်များတွင် နေရာချထားပေးသည့်နေရာသို့ သွားရောက်ပြီး မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ အိမ်ထောင်စုများအတွက် ခေါက်ဆွဲခြောက်ဖာများ၊ ရေသန့်ဘူးများ၊ အချိုရည်ဘူးများနှင့် တစ်ပတ်စာဆန်ရိက္ခာဖိုးငွေများကို ထောက်ပံ့ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးရှောင်ပြည်သူများကို လိုက်လံတွေ့ဆုံ နှုတ်ဆက်အားပေးသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄)ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေး မဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်းအစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊

(ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်းသတိပြုကြပါ၊

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသော ရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်၊

(စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလ သတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ပြင်းထန်သောရာသီဥတုဖြစ်စဉ်များ၏ ကမ္ဘာကြီးအပေါ် သက်ရောက်မှုများ

နှင်းမိုးအိမ်



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆဲလ်လက်ဒေသ၌ ရေလွှမ်းမိုးမှုမြင်ကွင်းကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။

မကြာသေးမီ နှစ်ပိုင်းများအတွင်း သတိထားမိလောက်အောင် သိသာထင်ရှားတဲ့ ပြင်းထန်တဲ့ ရာသီဥတုတွေ ကမ္ဘာတစ်ဝန်းဖြစ်ပေါ်လို့နေပါတယ်။ အဲဒီလို ပြင်းထန်တဲ့ ရာသီဥတုတွေကြောင့် လူ့အသိုင်းအဝိုင်းနဲ့ ဂေဟစနစ်နှစ်ခုစလုံးမှာ ထင်ရှားတဲ့ရိုက်ခတ်မှုတွေ ဖြစ်ပေါ်လာပါတော့တယ်။

## အပူလှိုင်းဖြတ်မှုများ

ပထမဦးစွာ ကမ္ဘာနဲ့တစ်ဝန်းဖြစ်ပေါ်နေတဲ့ အပူရှိန်လွန်ကဲမှုဖြစ်စဉ်တွေကို လေ့လာကြည့်မယ်ဆိုရင် တောမီးလောင်မှုတွေ၊ အပူလှိုင်းဖြတ်တာတွေကို တွေ့ရှိရမှာပဲဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းဒေသ အများအပြားမှာ အပူနဲ့ဆက်စပ်တဲ့ အခြေအနေတွေကြောင့် လူထောင်နဲ့ချီတဲ့သေဆုံးမှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ အာရှမှာဆိုရင် အိန္ဒိယနိုင်ငံမှာ ယခုနှစ်အတွင်း အရှည်ကြာဆုံးသော အပူလှိုင်းဖြတ်မှုနဲ့ ကြုံတွေ့နေရပါတယ်။ မေလ ၁၄ ရက်ကစပြီး အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီမှာ အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်ထက် ကျော်လွန်နေတာကို တွေ့ရှိရပါတယ်။ အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်ထက်ကျော်လွန်နေတာ ၃၈ ရက်ကျော်လွန်နေပါပြီ။ ဥတ္တရာပရာဒေ့ရှ်နဲ့ ဘီဟာပြည်နယ်တို့မှာတော့ အပူချိန်ဟာ ၅၀ ဒီဂရီဆဲလ်စီးယပ်စ်ဝန်းကျင်အထိ ရောက်ရှိခဲ့ပါတယ်။

အိန္ဒိယကျန်းမာရေးဌာနရဲ့ ဖော်ပြချက်အရ မတ် ၁ ရက်ကနေ ဇွန် ၁၈ ရက်အတွင်း အပူနဲ့ဆက်စပ်ပြီးသေဆုံးမှုပေါင်း ၁၁၀ ရှိပြီးတော့ အပူလျှပ်သူပေါင်း ၄၀၀၀၀ ကျော် ဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။ ဂါဇာကမ်းမြောင်ဒေသမှာဆိုရင်လည်း လက်ရှိဖြစ်ပေါ်နေတဲ့ ပြင်းထန်တဲ့အပူချိန်ကြောင့် အိုးမဲ့အိမ်မဲ့ပါလက်စတိုင်းတွေရဲ့ အကျပ်အတည်းကို ပိုမိုဆိုးရွားစေပြီး ပြည်သူ့ကျန်းမာရေးအကျပ်အတည်းကို ဖြစ်ပေါ်စေပါတယ်။

ရစ်ချက်ပီကော့ဆိုသူကတော့ ဂါဇာကမ်းမြောင်ဒေသနဲ့ ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းဒေသ ကျန်းမာရေးအရာရှိတစ်ဦးဖြစ်ပြီး ပြင်းထန်တဲ့ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာရတဲ့ ရလဒ်တွေကို ဇွန် ၂၁ ရက်က အောက်ပါအတိုင်း ဖော်ပြခဲ့ပါတယ်။ အပူချိန်ပြင်းထန်မှုကြောင့် ဒေသတွင်းမှာ ရေအရင်းအမြစ်ညစ်ညမ်းမှုပြဿနာ၊ အစားအသောက်ပျက်ခြင်းနဲ့ ခြင်ပေါက်ပွားမှုတွေ ပိုပြီးဆိုးရွားလာတယ်လို့ ဖော်ပြခဲ့ပါတယ်။ ကာလဝမ်းရောဂါဖြစ်ပွားမှုဆိုရင်လည်း ယမန်နှစ်ကနဲ့နှိုင်းယှဉ်ရင် ၂၅ ဆ ပိုပြီးဆိုးလာတယ်လို့ သိရပါတယ်။

## ဥရောပလည်းအပူဒဏ်ခံရ

ပြင်းထန်တဲ့အပူချိန်ကို ခံစားရတာကတော့ အာရှဒေသချည်းပဲ မဟုတ်ပါဘူး။ ဥရောပနိုင်ငံအများအပြားမှာလည်း အပူဒဏ်ကို ခံစားရပါတယ်။ အီတလီနိုင်ငံမြို့တော် ရောမနဲ့အခြားမြို့ ရှစ်မြို့မှာ ဇွန် ၂၁ ရက် အပူချိန်ပြင်းထန်မယ်ဆိုပြီး အနီရောင်သတိပေးချက်ထုတ်ပြန်ခဲ့ပါတယ်။ အချို့မြို့တွေမှာဆိုရင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်ထက်ကျော်လွန်မယ်ဆိုပြီး ခန့်မှန်းထားခဲ့ပါတယ်။ အပူကြောင့် လူတွေရဲ့ကျန်းမာရေးကို သိသာထင်ရှားစွာ သက်ရောက်မှုရှိမယ်ဆိုပြီး သက်ဆိုင်ရာအာဏာပိုင်တွေက သတိပေးထားကြပါတယ်။ အထူးသဖြင့် သက်ကြီးရွယ်အိုတွေ၊ ကလေးတွေနဲ့ နာတာရှည်ကျန်းမာရေးပြဿနာရှိသူတွေမှာ ပိုပြီးသက်ရောက်မှုရှိပါတယ်။

## တောမီးလောင်မှုဖြစ်ပေါ်

မြောက်အမေရိကမှာဆိုရင် ကာလရှည်ကြာအပူလှိုင်းကြောင့် အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းဒေသတွေမှာ တောမီးလောင်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ လက်ရှိမှာတော့ နယူးမက္ကဆီကို၊ ကယ်လီဖိုးနီးယား၊ အရီဇိုးနား၊ ကော်လိုရာဒိုနဲ့ ဝါရှင်တန်တို့မှာ တောမီးလောင်မှုပေါင်း ၂၀ နီးပါးဖြစ်ပေါ်နေတယ်လို့ သိရပါတယ်။ ဇွန် ၂၀ ရက်မှာ ထုတ်ပြန်တဲ့ စာရင်းဇယားတွေအရ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ လူပေါင်းသန်း ၁၀၀ နီးပါးဟာ ပြင်းထန်တဲ့အပူချိန်သတိပေးမှုအောက်မှာ နေထိုင်နေရတယ်လို့ သိရပါတယ်။

## ရေကြီးမှုဖြစ်ပေါ်

ပြင်းထန်တဲ့ အပူလှိုင်းများအပြင် အပြည်ပြည်ဆိုင်ရာနဲ့ ဒေသတွင်း မိုးရွာသွန်းမှုပုံစံတွေ အပြောင်းအလဲများစွာ ရှိခဲ့ပါတယ်။ ရလဒ်အနေနဲ့ကတော့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပေါ်ခြင်း၊ ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်ခြင်းနဲ့ အသက်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခြင်းတို့ တွေ့ကြုံလာရပါတယ်။ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ်ရဲ့ အချက်အလက်များအရ ကမ္ဘာလုံးအနှံ့ ရေကြီးရေလျှံဖြစ်ပေါ်မှုတွေဟာ ဆိုရင် ပြီးခဲ့တဲ့ နှစ်ပေါင်းလေးဆယ်အတွင်းမှာ နှစ်ဆတိုးလာတယ်လို့ သိရပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာဆိုရင် ယခုလအတွင်း ရက်အတန်ကြာ မိုးရွာသွန်းမှုတွေနဲ့ကြုံတွေ့ရပြီး မြစ်ရေချိန် မြင့်တက်လာမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီအတွက်ကြောင့် အရှေ့မြောက်ဒေသမှာရှိတဲ့ လယ်ကွက်တွေ ရေနစ်မြုပ်ခဲ့ပြီး လူနေအဆောက်အအုံတွေ ပျက်စီးတာ၊ ကောက်ပဲသီးနှံနဲ့ လမ်းတွေ ပျက်စီးတာတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အစိုးရရဲ့ ထုတ်ပြန်ချက်တွေအရ ရေကြီးမှုကြောင့် မြို့ရွာပေါင်း ၁၃၆ ခုထက်မနည်း ထိခိုက်ခံစားခဲ့ရပြီး လူပေါင်းတစ်သန်းကျော် ရေကြီးမှုဒဏ်ခံစားခဲ့ရတယ်လို့ သိရပါတယ်။

## ပစ္စည်းဥစ္စာများဆုံးရှုံး

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ရဲ့ ဘင်္ဂလားဒေ့ရှ်ကိုယ်စား ပြောကြားချက်အရ နိုင်ငံအရှေ့မြောက်ပိုင်းဒေသမှာ ရေကြီးမှုဒဏ်ကို ကလေးပေါင်း ၇၇၂၀၀၀ ခံစားခဲ့ရပြီး ဆဲလ်လက်ဒေသမှာ ကျောင်းပေါင်း ၈၁၀ ကျော် ရေနစ်မြုပ်ခဲ့တယ်လို့ သိရပါတယ်။ ရေကြီးမှုတွေကြောင့် စာသင်ကျောင်းပေါင်း ၅၀၀ နီးပါးကို ယာယီခိုလှုံရာနေရာတွေအဖြစ် အသုံးပြုခဲ့ရပါတယ်။ မကြာသေးမီရက်များအတွင်း လက်တင်အမေရိက နိုင်ငံတွေမှာ မိုးသည်းထန်စွာရွာသွန်းမှုတွေ တွေ့ကြုံရပြီး ရေကြီးမြေပြိုမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ရလဒ်အနေနဲ့ လူသေဆုံးမှုတွေ၊ ပစ္စည်းဥစ္စာဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ရပါတယ်။

ရာသီဥတု ပြင်းထန်ဆိုးရွားမှု ဖြစ်ပေါ်လာမှုဟာ ပိုပြီးပြင်းထန်လာရုံသာမက ဖြစ်ပွားတဲ့အကြိမ်အရေအတွက်လည်း စိပ်လာတယ်လို့ ကျွမ်းကျင်သူတွေက ထောက်ပြခဲ့ပါတယ်။ ထို့ပြင် တစ်ကမ္ဘာလုံးဆိုင်ရာ နှင်းမုန်တိုင်းဖြစ်ပေါ်မှုနဲ့ အအေးဓာတ်လွန်ကဲတဲ့ ရာသီဥတုဖြစ်ပေါ်မှုဟာလည်း သိသာထင်ရှားလာပါတယ်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီးရဲ့ အချက်အလက်တွေအရ အာတိတ်ဒေသ ကမ္ဘာ့ပျမ်းမျှ ဆောင်းရာသီအပူချိန်တိုးနှုန်းဟာဆိုရင် နှစ်ဆဖြစ်လာတယ်လို့ သိရပါတယ်။

## ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဖြစ်

ကမ္ဘာလုံးဆိုင်ရာ ပြင်းထန်တဲ့ ရာသီဥတုတွေ ဘာကြောင့် မကြာခဏပိုပိုပြီး ပြင်းထန်လာရသလဲ။ ဒီလိုဖြစ်ရတဲ့ အဓိကအကြောင်းအရာကတော့ ကမ္ဘာကြီးပူနွေးလာမှုကြောင့်လို့ သိပ္ပံပညာရှင်တွေက ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ထားကြပါတယ်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုကို မတည်မငြိမ်ဖြစ်စေပြီး ပြင်းထန်တဲ့ ရာသီဥတုတွေ မကြာခဏဆိုသလို ဖြစ်ပေါ်လာစေပါတယ်။ ဒါ့အပြင် လူသားတွေရဲ့ အပြုအမူတွေကြောင့်လည်း ပြင်းထန်တဲ့ ရာသီဥတုအခြေအနေကို ဖြစ်ပေါ်စေပါတယ်။ အကြီးစားစက်မှုလုပ်ငန်းတွေနဲ့ သဘာဝအရင်းအမြစ်တွေ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းတွေကြောင့်လည်း ဖန်လုံအိမ်ဓာတ်ငွေ့အမြောက်အမြား ထုတ်လွှတ်မှု ဖြစ်ပေါ်စေပါတယ်။

တစ်ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုဟာ ပြီးခဲ့တဲ့ ဆယ်စုနှစ်များအတွင်း ပိုမိုမြင့်မားလာခဲ့ပြီး ကမ္ဘာကြီးပူနွေးလာမှုနဲ့ရာသီဥတုဖောက်ပြန်မှုတွေကို ဖြစ်ပေါ်စေတယ်လို့ အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီရဲ့အချက်အလက်များအရ သိရပါတယ်။ ။

ကိုးကား - ဆင်ဟွာ

❑ ရာသီဥတု ပြင်းထန်ဆိုးရွားမှု ဖြစ်ပေါ်လာမှုဟာ ပိုပြီးပြင်းထန်လာရုံသာမက ဖြစ်ပွားတဲ့အကြိမ်အရေအတွက်လည်း စိပ်လာတယ်လို့ ကျွမ်းကျင်သူတွေက ထောက်ပြခဲ့ပါတယ်။ ထို့ပြင် တစ်ကမ္ဘာလုံးဆိုင်ရာ နှင်းမုန်တိုင်းဖြစ်ပေါ်မှုနဲ့ အအေးဓာတ်လွန်ကဲတဲ့ ရာသီဥတုဖြစ်ပေါ်မှုဟာလည်း သိသာထင်ရှားလာပါတယ်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီးရဲ့ အချက်အလက်တွေအရ အာတိတ်ဒေသ ကမ္ဘာ့ပျမ်းမျှ ဆောင်းရာသီအပူချိန်တိုးနှုန်းဟာဆိုရင် နှစ်ဆဖြစ်လာတယ်လို့ သိရပါတယ်

# အိုလံပစ်နေ့အထိမ်းအမှတ် မျိုးဆက်သစ် လက်ဝှေ့ပြိုင်ပွဲ တွဲဆိုင်း ၃၀ ကျော် ကျင်းပ

ရန်ကုန် ဇွန် ၃၀

မျိုးဆက်သစ် လက်ဝှေ့လူငယ်ကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မျိုးဆက်သစ်လက်ဝှေ့တွဲဆိုင်း ၃၀ ကျော်ကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ လက်ဝှေ့ရုံ၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲ၌ အမျိုးသားနှစ်ချီပြိုင်ပွဲများ၊ အမျိုးသား၊ အမျိုးသမီး အထူးသုံးချီပြိုင်ပွဲ တွဲဆိုင်း ၃၀ ကျော် ပရိသတ်အကြိုက် အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြပြီး သရေပွဲ ၁၅ ပွဲ၊ အနိုင်၊ အရှုံး ၁၈ ပွဲ ဖြစ်ခဲ့သည်။

"ဒီပြိုင်ပွဲက မျိုးဆက်သစ်လက်ဝှေ့ကစားသမားတွေ ပေါ်ထွက်လာရေးအတွက်ဖြစ်ပါတယ်။ လူငယ်တွေက တိုက်ခိုက်ရေးပညာကို ကလပ်အသီးသီးမှာ သင်ယူနေတာများနေတယ်။ ဒါကြောင့် အဖွဲ့ချုပ်၊ အလွတ်တန်းချန်ပီယံဟောင်း လုံးချောတို့နဲ့ပူးပေါင်းပြီး အိုလံပစ်နေ့ အထိမ်းအမှတ်အနေနဲ့ ကျင်းပတာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးကျော်ဇင်ဦးက ပြောသည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်အောင်လွင်က Lone Chaw Lethwe (LCL) Group သို့ ငွေကျပ်ငါးသိန်းလှူဒါန်းခဲ့သည်။

**အာကာစိုး**

## ယူရို ၂၀၂၄ ပြိုင်ပွဲ ၁၆ သင်းအဆင့်

ယူရို ၂၀၂၄ ပြိုင်ပွဲ ၁၆ သင်း အဆင့်ပွဲစဉ်တွေကို ဇူလိုင် ၁ ရက် ညပိုင်းနဲ့ ဇူလိုင် ၂ ရက် နံနက်ပိုင်းတွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အသင်းက နိုင်ပွဲရယူပြီးနောက်တစ်ဆင့် တက်လှမ်းသွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

| | | | |
|---|---|---|---|
| ပြင်သစ် | - | ဘယ်လ်ဂျီယံ | ည ၁၀း၃၀ |
| ပေါ်တူဂီ | - | စလိုဗေးနီးယား | နံနက် ၁း၃၀ |

# အင်အားကြီး ထိပ်သီးနှစ်သင်းရဲ့ အားပြိုင်မှုက ဘယ်လိုဖြစ်လာမလဲ. . .

July 1

■ မိုးဇက် - ရေးသားသည်

## ပြင်သစ် VS ဘယ်လ်ဂျီယံ



အမ်ဘာပေ (တိုက်စစ်)

၈၁ ပွဲကစား ၄၈ ဂိုးသွင်း

အရည်အသွေးမြင့်ထိပ်တန်းကစားသမားတွေ ပိုင်ဆိုင်ထားပြီး ဖလား ဆွတ်ခူးနိုင်ခြေမြင့်မားတဲ့အသင်းတွေအဖြစ် သတ်မှတ်ခံထားရတဲ့ အသင်းနှစ်သင်း တွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာပါတယ်။ ဒီနှစ်သင်း နောက်ဆုံးထိပ်တိုက်တွေ့ဆုံထားတဲ့ နှစ်ကြိမ်မှာ ပြင်သစ်အသင်းက နှစ်ကြိမ်စလုံး အနိုင်ရရှိထားတယ်။ အုပ်စုတွင်းခြေစွမ်းအရ နှစ်သင်းစလုံး ခြေစွမ်းတည်ငြိမ်မှုမရှိဘူး။ အဆုံးသတ် သေချာတဲ့အသင်း နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်မယ်။



လူကာကူ (တိုက်စစ်)

၁၁၈ ပွဲကစား ၈၅ ဂိုးသွင်း

| ပြင်သစ်နဲ့ ဘယ်လ်ဂျီယံအသင်း နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု | | | | |
|---|---|---|---|---|
| ဘယ်လ်ဂျီယံ | ၂ | - | ၃ | ပြင်သစ် |
| ပြင်သစ် | ၁ | - | ၀ | ဘယ်လ်ဂျီယံ |

## ပေါ်တူဂီ VS စလိုဗေးနီးယား



စီရော်နယ်ဒို (တိုက်စစ်)

၁၅၆ ပွဲကစား ဂိုး ၁၃၀ သွင်း

ပေါ်တူဂီက ပြီးခဲ့တဲ့ပွဲစဉ်မှာ ယူရို၂၀၂၄ ပြိုင်ပွဲရဲ့ အားအနည်းဆုံးအသင်းလို့ ဆိုနိုင်တဲ့ ဂျော်ဂျီယာလိုအသင်းကို ဂိုးပြတ်ရှုံးနိမ့်ထားတယ်။ ပေါ်တူဂီ အသင်းက ယခုပွဲစဉ်မှာလည်း တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းမှာရော ကမ္ဘာ့အဆင့်ရပ်တည်မှုမှာပါ သာလွန်မှုမရှိတဲ့ စလိုဗေးနီးယား အသင်းနဲ့ ကစားရမှာပါ။ စလိုဗေးနီးယားအသင်းက ပြိုင်ဘက်တိုင်းကို အခက်တွေ့အောင် ကစားနိုင်စွမ်းရှိတယ်။ ဒါကြောင့် ပေါ်တူဂီအသင်း ပုံမှန် ခြေစွမ်းမပြသနိုင်ခဲ့ရင် ပေးဆပ်မှုကြီးမားသွားနိုင်တယ်။



ကာနစ်နစ်ခ် (ခံစစ်)

၃၁ ပွဲကစား ၂ ဂိုးသွင်း

| ပေါ်တူဂီနဲ့ စလိုဗေးနီးယားအသင်း နောက်ဆုံးအကြိမ် တွေ့ဆုံမှု | | | | |
|---|---|---|---|---|
| စလိုဗေးနီးယား | ၂ | - | ၀ | ပေါ်တူဂီ |

○ ကျောဖုံးမှ

အပိုင်အခွင့်အရေးများကို ဖြုန်းတီးပစ်ခဲ့သည်။ ပွဲချိန် ၄၈ မိနစ်တွင် ဒိန်းမတ်အသင်းမှ ခံစစ်ကစားသမား အန်ဒါဆန် ဂျာမနီအသင်းဘက်သို့ ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်ကြည့်ရှုစစ်ဆေးပြီးနောက် ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

ထို့နောက် ပွဲချိန် ၅၃ မိနစ်တွင် ဂျာမနီအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာ တိုက်စစ်ကစားသမား ဟာဗက်ဇ်က အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည့်အတွက် ဂျာမနီအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုလိုက်ရသော်လည်း ဒိန်းမတ်အသင်း၏ ချေပဂိုးရရှိရေး ကြိုးပမ်းအားထုတ်မှု ပြိုင်ဘက်အသင်း၏ ခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံးကာကွယ်နိုင်ခဲ့သည့်အတွက် အချည်းနှီးဖြစ်ခဲ့ရသည်။

ပွဲချိန် ၆၈ မိနစ်တွင် ဂျာမနီအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးရရှိခဲ့ပြီး မူစီယေလာက သွင်းယူပေးခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ဂျာမနီအသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိကာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ယူရို ၂၀၂၄ ပြိုင်ပွဲ ၁၆ သင်း အဆင့်မှ ဇွန် ၂၉ ရက် ည ၁၀ နာရီခွဲတွင် ဆွစ်ဇာလန်နှင့် လက်ရှိချန်ပီယံ အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆွစ်ဇာလန်အသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိပြီး နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

# မြန်မာ - အိန္ဒိယ အမျိုးသမီးအသင်းခြေစမ်းပွဲ ကျင်းပမည့်အချိန်နှင့် ကွင်းဝင်ကြေးများသတ်မှတ်

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဇူလိုင်လဒုတိယပတ်တွင် ကျင်းပမည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် အိန္ဒိယလက်ရွေးစင် အမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲများကျင်းပမည့်အချိန်နှင့် ကွင်းဝင်ကြေးကို သတ်မှတ်လိုက်ပြီဖြစ်သည်။

မြန်မာအသင်းနှင့် အိန္ဒိယအသင်းခြေစမ်းပွဲကို ဇူလိုင် ၉ ရက်နှင့် ၁၂ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ညနေ ၄ နာရီတွင် စတင်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကွင်းဝင်ကြေးအဖြစ် အထူးတန်းတစ်မျိုးတည်းသာ ရောင်းချမည်ဖြစ်ပြီး ငွေကျပ် ၅၀၀၀ သတ်မှတ်ထားသည်။ မြန်မာအသင်းနှင့် အိန္ဒိယအမျိုးသမီး အသင်းသည် ၂၀၁၉ ခုနှစ်နောက်ပိုင်း ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းမှာလည်း နှစ်အနည်းငယ်ကြာမှ ရန်ကုန်မြို့တွင် နိုင်ငံတကာခြေစမ်းပွဲ ပြန်လည်ကစားခြင်းဖြစ်သည်။

ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၀ ဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ယုကီတက်ဆုရိက ကိုင်တွယ်နေသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ပဏာမလူစာရင်းတွင် ဂိုးသမား- မေဇင်နွယ် (မြဝတီ)၊ မေဦးခိုင် (အား/ကာသိပ္ပံ)၊ မျိုးမြမြငြိမ်း (သစ္စာအားမာန်)၊ အိစန္ဒာဇော် (မြဝတီ)၊ နောက်တန်း-မေသက်မွန်မြင့် (သစ္စာအားမာန်)၊ ဖြူဖြူဝင်း (မြဝတီ)၊ ဇွန်ယုယဦး (ရှေ့ဝတီ)၊ လင်းလက်ဦး (အား/ကာသိပ္ပံ)၊ ယုယုနိုင် (ရန်ကုန်ယူနိုက်တက်)၊ ဖြူဖွေး (ရန်ကုန်ယူနိုက်တက်)၊ အေးအေးထွေး (ရန်ကုန်ယူနိုက်တက်)၊ ဝေဖူးအိမ် (သစ္စာအားမာန်)၊ အလယ်တန်း-ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ နော်ထက်ထက်ဝေ (ရှေ့ဝတီ)၊ ရှုပါခိုင် (မြဝတီ)၊ ဆွေမာအောင် (ရန်ကုန်ယူနိုက်တက်)၊ ယဉ်လွန်းအိမ် (အား/ကာသိပ္ပံ)၊ ခင်ဌေးကြိုင် (အား/ကာသိပ္ပံ)၊ မိုးမိုးသန်း (အား/ကာသိပ္ပံ)၊ ဟေမာန်စိုး (အား/ကာသိပ္ပံ)၊ သန်းသန်းနွယ် (အား/ကာသိပ္ပံ)၊ ခင်မာလာထွန်း (College of Asian Scholars-ထိုင်း)၊ ဇင်မိုးပြည့် (ရန်ကုန်ယူနိုက်တက်)၊ ဝင်းစန္ဒာ (YREO)၊ ရှေ့တန်း-ဝင်းသီဂီထွန်း (ရန်ကုန်ယူနိုက်တက်)၊ စန်းသော်သော် (ရှေ့ဝတီ)၊ မြတ်နိုးခင် (သစ္စာအားမာန်)၊ ယွန်းဝတီလှိုင် (ရန်ကုန်ယူနိုက်တက်)၊ ဆုဆုခိုင် (YREO) နှင့် ရွှေရည်ထွန်း (အား/ကာသိပ္ပံ) တို့ ပါဝင်ကြသည်။

**ရဲရင့်လွင်**

# ရန်ကုန်ယူနိုက်တက်အသင်း ပြည်တွင်းကစားသမားသစ် လေးဦးခေါ်ယူ

ရန်ကုန် ဇွန် ၃၀

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ပြည်တွင်းကစားသမားသစ်လေးဦး ခေါ်ယူအားဖြည့်ခဲ့သည်။


ရန်ကုန်ယူနိုက်တက်အသင်းသည် ကျင်းပပြီးစီးခဲ့သည့် MNL League Cup ပြိုင်ပွဲတွင် ချန်ပီယံဆုနှင့် လွဲချော်ပြီးနောက် အသင်းကိုပြောင်းလဲမှုများ ပြုလုပ်နေပြီး ကစားသမားသစ်များ အင်အားဖြည့်တင်းခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် နိုင်ငံခြားသားများနှင့် လမ်းခွဲကာ ပြည်တွင်းကစားသမားများ အင်အားဖြည့်တင်းခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ကစားသမားဟောင်းများဖြစ်သည့် တောင်ပံကစားသမား ကြည်လင်း၊ တိုက်စစ်မှူး ကောင်းစည်သူတို့ကို ပြန်လည်ခေါ်ယူခဲ့သလို နောက်ခံလူ အောင်ဇေယျနှင့် ကွင်းလယ်ကစားသမား စောအောင်မျိုးထွန်းတို့ကို ခေါ်ယူအားဖြည့်ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) အဖြစ် ဇူလိုင် ၆ ရက်တွင် ရခိုင်ယူနိုက်တက်အသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ယူကရိန်းရဲ့ ကြွက်မနိုင် ကျီမီးနဲ့ရှို့သည့်လုပ်ရပ်ကို အမေရိကန်နှင့်အနောက်အုပ်စုတို့ နှုတ်ဆိတ်နေ

ထက်မြတ်



အမေရိကန်ဆိုတာ ကမ္ဘာပေါ်မှာတရားမျှတမှုကို အလိုလားဆုံးသော တိုင်းပြည်တစ်ပြည်အဖြစ် ကမ္ဘာ့မီဒီယာတွေမှာ သူတို့ကိုယ်သူတို့ ပုံဖော်ခဲ့ကြသည်။ ယခုလိုပုံဖော်လာသည်မှာလည်း အချိန်တော်တော်ကြာပြီဖြစ်သည်။ သို့ပေမယ့် ၎င်းတို့၏ မီဒီယာထက်မှာပုံဖော်မှုနဲ့ မြေပြင်ထက်က လုပ်ရပ်ကဆင်သေကိုဆိတ်သားရေနဲ့ ဖုံးနေသလိုဖြစ်နေသည်။ ၎င်းအခြေအနေကို စပြီးသတိထားမိသည်မှာ အရှေ့အလယ်ပိုင်းမှာ အမေရိကန်တို့ခြေရှုပ်စဉ်ကဖြစ်ပြီး ယင်းအချိန်တုန်းက ၎င်းတို့အပေါ် အကြမ်းဖက်တိုက်ခိုက်မှုကျူးလွန်သည့်အတွက် အကြမ်းဖက်မှုချေမှုန်းရေးလုပ်သည်ဟုဆိုကာ အများကယုံကြည်ခဲ့ကြသည်။ ယခုနောက်ပိုင်းတွင် အရင်လိုမဟုတ်တော့သည်မှာ မျက်ဝါးထင်ထင်ဖြစ်သည်။

အကြမ်းဖက်မှုချေမှုန်းရေးကိုခေါင်းစဉ်တပ်ပြီး အမေရိကန်ကိုယ်တိုင် အကြမ်းဖက်တိုက်ခိုက်မှုကျူးလွန်နေခဲ့သည်ကို အမေရိကန်မီဒီယာမဟုတ်သည့် အခြားမီဒီယာတွေမှာဖော်ပြမှသာ သိရတာမျိုးဖြစ်သည်။ ယခုအခါ အမေရိကန်တို့၏ အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဆိုတဲ့ ရုပ်လုံးကြီးက ဘွင်းဘွင်းရှင်းရှင်းကြီးကို ပေါ်လာပြီဖြစ်သည်။ ယူကရိန်းက အမေရိကန်တို့ ပေးထားသည့်လက်နက်ကို အသုံးပြုပြီး ရုရှားပြည်သူတွေအပေါ် အကြမ်းဖက်တိုက်ခိုက်လိုက်တဲ့အခါမှာ ထင်ထင်ရှားရှားပေါ်လွင်သွားခဲ့သည်။ ၎င်းဖြစ်စဉ်ကို ပြန်ပြောင်းပြောရမယ်ဆိုရင် ဇွန်လ ၂၃ ရက်တွင် ယူကရိန်းဘက်က ရုရှားနိုင်ငံပိုင်နယ်မြေဖြစ်တဲ့ ဆီဗက်စတိုပိုမြို့ကို ဒုံးကျည်တွေနဲ့ပစ်တဲ့ဖြစ်စဉ်ဖြစ်သည်။ စုစုပေါင်း ဒုံးကျည်ငါးလုံးပစ်ခတ်ခဲ့ပြီး ၎င်းငါးလုံးထဲမှ တစ်လုံးသာကျရောက်ပေါက်ကွဲခဲ့ကာ ကျန်သည့်လေးလုံးမှာ ရုရှား၏လေကြောင်းရန်ကာကွယ်ရေးစနစ်တွေက ပစ်ချလိုက်နိုင်ခဲ့သည်ဟု သိရသည်။ ယူကရိန်းတို့က ပစ်လိုက်သည့်ဒုံးကျည်များသည် သမားရိုးကျထိပ်ဖူးတွေ တပ်ထားတာမဟုတ်ဘဲ နိုင်ငံတကာမှာ အသုံးပြုဖို့တားမြစ်ထားသည့် ပဒေသာခဲယမ်းတွေကိုတပ်ဆင်ပြီး ပစ်လိုက်ခြင်းဖြစ်သည်။ ဒီဖြစ်စဉ်ကိုကြည့်မည်ဆိုလျှင် ယူကရိန်းတို့၏ အကြင်နာမဲ့လုပ်ရပ်ကို ပေါ်လွင်စေသည်။ အဘယ်ကြောင့်ဆိုရသော် ၎င်းတို့၏ဒုံးကျည်ကျရာပစ်မှတ်နေရာသည် ပြည်သူတွေ လာရောက်အပန်းဖြေလေ့ရှိတဲ့ ကမ်းခြေဖြစ်နေတာကြောင့်ဖြစ်သည်။ အင်တာနက်မှာ မြင်တွေ့ရတဲ့ ဗီဒီယိုတစ်ခုမှာဆိုရင်လည်း ဒုံးကျည်ပေါက်ကွဲမှုကြောင့် ကမ်းခြေမှာ အပန်းဖြေနေတဲ့ ပြည်သူတွေ ဝရုန်းသုန်းကားနဲ့ထွက်ပြေးနေရတာကို ကမ္ဘာတစ်ဝန်းမြင်တွေ့ရမှာဖြစ်သည်။ အပြစ်မဲ့ ပြည်သူတို့ရဲ့ စိတ်ထဲမှာ ဘယ်လောက်ထိတောင်မှ ကြောက်နေလိမ့်မယ်ဆိုတာကို တွေးတောင်မတွေးရက်နိုင်အောင်ပင်ဖြစ်သည်။ ၎င်းတို့အနီးဝန်းကျင်သို့ ဒုံးကျည်ထိပ်ဖူးရဲ့အပိုင်းအစတွေက လာကျနေကြတာကို တွေ့ရမည်ဖြစ်သည်။

ယူကရိန်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုတွင် အပြစ်မဲ့တဲ့ကလေးငယ် သုံးဦးအပါအဝင် အရပ်သားငါးဦး သေဆုံးသွားခဲ့ပြီး ၁၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ရုရှားနိုင်ငံကထုတ်ပြန်ထားသည်။ အခြားအချက်တစ်ခုက ယူကရိန်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်သည့်အချိန် ရွေးချယ်မှုကိုကြည့်ရလျှင် အကြမ်းဖက်တိုက်ခိုက်မှုလုပ်သည့် ရက်က ခရစ်ယာန်ဘာသာဝင်များ အလေးအမြတ်ထားရာရက်တစ်ရက်ဖြစ်သည့် Saint Trinity Sunday ရက်ဖြစ်နေသည်ကို တွေ့ရမည်။ ၎င်းနေ့လိုအချိန်အခါကိုမှ လူသွားလူလာများသည့် ကမ်းခြေလိုနေရာမျိုးကိုရွေးပြီး ဒုံးကျည်တွေနဲ့ပစ်ခတ်တိုက်ခိုက်မှုလုပ်တယ်ဆိုတာကို ကြည့်ခြင်းအားဖြင့် ယူကရိန်းတို့ရဲ့ရက်စက်မှုက အထင်းသားပေါ်လွင်နေပြီး ယူကရိန်းတို့အနေဖြင့် ဘာသာရေးပြစ်မှုကျူးလွန်ဖို့အတွက် ၎င်းနေ့ကိုပင် တမင်တကာရွေးထားသည်ဟုတောင်ထင်ရသည်။ ထိုလုပ်ရပ်ကြောင့်ဆိုလျှင်တော့ ယူကရိန်းတို့အပေါ်မှာထားသည့် ရုရှားနိုင်ငံသားများ၏အမုန်းနဲ့အငြိုးက ပိုမိုကြီးသွားတော့မှာဖြစ်သည်။ ထိုအကြမ်းဖက်တိုက်ခိုက်မှုတွင် သုံးသွားသည့်ဒုံးကျည်များသည် ဘယ်ကနေရသည်ဟု ထင်ပါသလဲ၊ အများသိသလိုထုံးစံအတိုင်း အမေရိကန်ဆီကရခြင်းပင်ဖြစ်သည်။ ATACMS နည်းဗျူဟာမြောက် အမြင့်ပျံဒုံးကျည်တွေကို သုံးသွားသည်ကိုတွေ့ရသည်။ အမေရိကန်က ယူကရိန်းကို ၎င်းပုံစံမျိုး ဒုံးကျည်တွေထောက်ပံ့ပေးရုံသာမကဘဲ စစ်ရေးနည်းပညာအကူအညီတော်တော်များများလည်း ပေးထားသေးသည်ကိုတွေ့ရသည်။ အဓိကကူညီပေးမှုတွေထဲမှာ ပစ်ခတ်မှုစီမံချက်တွေချမှတ်ခြင်း၊ ဂြိုဟ်တုကနေ ကင်းထောက်ပေးခြင်း၊ ရုရှားနယ်မြေအတွင်းမှာရှိတဲ့ ပစ်မှတ်များ၏ မြေပုံညွှန်းတွေကို ယူကရိန်းဆီပေးခြင်း၊ ဒုံးကျည်ပျံသန်းမှုလမ်းကြောင်းများကို တိုက်ရိုက်ကွပ်ကဲပေးခြင်းမျိုးတွေပါဝင်နေသည်ကိုတွေ့ရသည်။ ယခင်တုန်းကတော့ အမေရိကန်နဲ့ အနောက်အုပ်စုက သူတို့ထောက်ပံ့ပေးထားသည့်လက်နက်များကို ရုရှားနဲ့အပြန်အလှန်တိုက်ခိုက်မှုအတွင်းမှာပဲ အသုံးပြုခွင့်ပေးထားပြီး အထူးသဖြင့် စစ်မြေပြင်နေရာမှာပဲ အသုံးပြုပါဆိုပြီးပြောထားခြင်းဖြစ်သည်။ ယခုကျတော့ အမေရိကန်ဘက်က စစ်ဘောင်ကိုပိုချဲ့လိုက်တဲ့အနေအထားတွေ့မြင်ရပြီး ၎င်းတို့ပေးထားသည့် လက်နက်များဖြင့် ရုရှားနိုင်ငံအတွင်းပိုင်းအထိ တိုက်ခိုက်နိုင်သည်ဆိုပြီး ခွင့်ပြုလိုက်ခြင်းသည် တော်ရုံတန်ရုံအတွေးအခေါ်နဲ့တော့ ဆောင်ရွက်ခြင်းမဖြစ်နိုင်သည်ကို တွေ့မြင်ရသည်။

ဘာလုပ်ရင်ဘာဖြစ်မယ်ဆိုတာကို သူတို့အနေနဲ့ ကြိုတွေးပြီးသားဖြစ်ပြီး ယခုလိုမျိုးခွင့်ပြုလိုက်ခြင်းက ဒီလိုအခြေအနေကိုလိုချင်လို့ ဒီလိုလုပ်ခွင့်ပေးလိုက်တာဖြစ်သည်။ စစ်မြေပြင်လိုနေရာမဟုတ်ဘဲ ရုရှားနယ်မြေအတွင်းပိုင်းထဲကို ဒုံးကျည်တွေနဲ့ပစ်ခတ်မည်ဆိုလျှင် အရပ်သားတွေ သေကျေပျက်စီးမယ်ဆိုတာကို အမေရိကန်ကကောင်းကောင်းသိပြီး ဒီလိုမျိုးသိသိလျက်နဲ့ သူတို့ရဲ့လက်နက်တွေကို ရုရှားနယ်မြေထဲအထိ တိုက်ခိုက်ဖို့အသုံးပြုခွင့်ပေးလိုက်သည်ဆိုကတည်းက အမေရိကန်ဆိုတာ အကြမ်းဖက်တိုက်ခိုက်မှုကို အားပေးအားမြှောက်ပြုရာရောက်နေခြင်းဖြစ်သည်။ ယူကရိန်းတို့ကလည်း ဘာကြောင့် ယခုလိုမျိုးတိုက်ခိုက်ရသလဲဆိုလျှင် "ကြွက်မနိုင် ကျီမီးနဲ့ရှို့" ဆိုတဲ့စကားပုံကဲ့သို့ စစ်မြေပြင်တွင် ရုရှားကို မည်သည့်နေရာမှမနိုင်သည့်အခါ ငြိမ်းချမ်းစွာနေနေတဲ့ ရုရှားပြည်သူတွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်လာခြင်းဖြစ်သည်။ ဆီဗက်စတိုပိုတိုက်ခိုက်မှုကို ပြန်ကြည့်မယ်ဆိုရင် အကြမ်းဖက်တိုက်ခိုက်မှုကို လုပ်တာက ယူကရိန်းဖြစ်ပြီး အကြမ်းဖက်တိုက်ခိုက်မှုလုပ်ဖို့အတွက် ထောက်ပံ့ပေးတာက အနောက်အုပ်စုဖြစ်သည်။ အထူးသဖြင့် အမေရိကန်က ဦးဆောင်ပေးခြင်းဖြစ်သည်။ တကယ်တော့ အမေရိကန်ဟာ ယူကရိန်းအနေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေလုပ်နိုင်အောင် သွေးထိုးမြှောက်ပင့်ပေးနေရုံသာမကဘဲ တခြားနိုင်ငံငယ်လေးတွေမှာလည်း အကြမ်းဖက်အဖွဲ့တွေကို ထောက်ပံ့မှုပေးနေသည်ကို တွေ့ရှိရသည်။ လက်တွေ့စဉ်းစားကြည့်လျှင် အရှေ့အလယ်ပိုင်းမှာ နေရပ်စွန့်ခွာရသူတွေများလာတယ်ဆိုတာကလည်း အမေရိကန်၏အကြမ်းဖက်အားပေးထောက်ပံ့မှုများကြောင့်ပင်ဖြစ်သည်။

အမေရိကန်ဟာ ကမ္ဘာပေါ်မှာ တရားမျှတမှုကို အလိုလားဆုံးသော တိုင်းပြည်တစ်ပြည်အဖြစ် ကမ္ဘာ့မီဒီယာအထက်မှာ ပုံဖော်နေကြောင်း အစောပိုင်းတုန်းက ကျွန်တော်တို့မြင်ခဲ့ရပြီး နောက်ဆုံးတွင် မည်သို့မျှဟန်ဆောင်၍မရသည့်အဆုံး အမေရိကန်တို့၏ ဟန်ဆောင်မျက်နှာဖုံးကြီးကွာကျသွားပြီး အကြမ်းဖက်တိုက်ခိုက်မှုကို အားပေးသောနိုင်ငံအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ အမေရိကန်အစိုးရအနေဖြင့် ယခုလိုမျိုးလုပ်လိုက်လို့ ဘယ်လိုရလဒ်ထွက်လာစေမလဲဆိုလျှင် ကမ္ဘာ့စာမျက်နှာထက်မှာ အင်မတန်မှရွံစရာကောင်းတဲ့ နိုင်ငံတစ်နိုင်ငံအနေဖြင့်သာ ထွက်ပေါ်လာတော့မည်ဖြစ်သည်။ ယခုလိုအခြေအနေမျိုးကိုဆိုက်ရောက်စေတဲ့ ဂျိုးဘိုင်ဒင်အစိုးရရဲ့ ဆုံးဖြတ်ချက်တွေကိုလည်း အမေရိကန်ပြည်သူတွေက နှစ်သက်သဘောကျမည် မဟုတ်သည့်အတွက်ကြောင့် လာမည့်ရွေးကောက်ပွဲတွင် ဂျိုးဘိုင်ဒင်အနေဖြင့် ဝင်မပြိုင်ခြင်းက ပိုပြီးသိက္ခာရှိလိမ့်မည်ဖြစ်သည်။

ကျွန်တော့်ဆောင်းပါးကိုပြန်ကောက်ရမည်ဆိုလျှင် အခုဆီဗက်စတိုပိုဖြစ်စဉ်မှာ သေဆုံးသွားရတဲ့ ရုရှားပြည်သူတွေအတွက် ဝမ်းနည်းပါတယ်ဆိုတဲ့ စကားတစ်ခွန်းတောင် အမေရိကန်ဘက်က ထွက်မလာရုံတင်မက အနောက်အုပ်စုတစ်ခုလုံးကပါ တစ်ခွန်းတစ်ပါဒမှ ထွက်မလာသည်ကိုတွေ့ရသည်။ ယူကရိန်းတို့၏လုပ်ရပ်ကလည်း တစ်နည်းပြောရမယ်ဆိုရင် သူရဲဘောကြောင်ခြင်းဖြစ်ပြီး သူတို့ပစ်လိုက်သည့်ဒုံးကျည်တွေက စစ်ရေးပစ်မှတ်တစ်ခုခုကို ထိမှန်ခဲ့မည်ဆိုလျှင်တောင် ကြားကောင်းသေးသည်။ ယခုတော့ ကမ်းခြေမှာငြိမ်းချမ်းစွာနေနေကြတဲ့ ပြည်သူတွေအပေါ်ကိုမှ ဒုံးကျည်ကျရောက်လာသည့်အတွက် ရုရှားကလည်း ဒီအခြေအနေကို ဒီအတိုင်းလက်ပိုက်ကြည့်နေမှာမဟုတ်တာတော့ သေချာသည်။ တစ်နည်းနည်းဖြင့် လက်စားပြန်ချေမှုတော့ ရှိလာမည်ဖြစ်ပြီး ၎င်းလက်စားချေမှုကလည်း စစ်မြေပြင်မှာသာဖြစ်လိမ့်မည်ဟု မှချယုံကြည်ပါကြောင်း ရေးသားလိုက်ပါသည်။ ။

Ref: Russian MOD



# ရန်ကုန်မြို့မှ မုံရွာမြို့သို့ မောင်းနှင်ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်များအား ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့်ဖောက်ခွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၊ ခရီးသွားပြည်သူ တစ်ဦးသေဆုံး၊ သံဃာတော်တစ်ပါးအပါအဝင် ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့မှ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့သို့ မောင်းနှင်ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်များအား ယနေ့နံနက်ပိုင်းတွင် ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် ခရီးသွားပြည်သူအချို့ သေဆုံးခဲ့ရပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသိရှိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မုံရွာ ပြေးဆွဲလျက်ရှိသည့် ရွှေစင်စကြာ ခရီးသည်တင်ယာဉ်၊ စိန်ငွေးလှိုင် ခရီးသည်တင်ယာဉ်၊ နယူးစွမ်း ခရီးသည်တင်ယာဉ်၊ FAMOUS ခရီးသည် တင်ယာဉ် ၃ စီး၊ ရွှေမန္တလာခရီးသည်တင်နှင့် ရွှေသလ္လာခရီးသည်တင်ယာဉ်၊ စုစုပေါင်း ခရီးသည်တင်ယာဉ် ၈ စီးတို့သည် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြပြီး ယနေ့နံနက် ၈ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအနီး ဖြတ်ကျော်စဉ် ကျေးရွာ၏ အရှေ့ဘက်ထိပ်အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ PDF အမည်ခံ အကြမ်းဖက် သမားများ၏ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ခရီးသွားပြည်သူ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရပြီး သံဃာတော်တစ်ပါးနှင့် အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသိရှိရသည်။


ဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ မုံရွာမြို့နှင့် ချောင်းဦးမြို့မှလုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးကိစ္စရပ်များနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး အမြန်ဆုံး သွားရောက်ခဲ့ရာ ငါးယုန်ကျေးရွာ၏အရှေ့ဘက် မီတာ ၂၀၀၀ ခန့်အကွာ မန္တလေး-မုံရွာ လမ်းမကြီးပေါ်၌ အသင့်စောင့်ဆိုင်းနေရာယူထားသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ခရီးသည်တင်ယာဉ်များ ပစ်ခတ်တိုက်ခိုက်ခံရသည့်ပတ်ဝန်းကျင်နေရာ တစ်ဝိုက်အား နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက အမြန်ဆုံး သွားရောက်၍ လိုအပ်သည်များ ဆောင်ရွက်ခဲ့ရာ ပေါက်ကွဲမှုမရှိသေးသည့် လက်လုပ်မိုင်းမျိုးစုံ ၃၀ လုံးအား ဖော်ထုတ် သိမ်းဆည်းရမိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ခရီးသွားပြည်သူများအား မုံရွာမြို့၊ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။

ဆေးရုံသို့ ရောက်ရှိလာသည့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ခရီးသွား ပြည်သူများအား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအား ပေးစကားပြောကြားခဲ့ပြီး လိုအပ်သည့် ဆေးကုသမှုများဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်ဘဲ အေးချမ်းစွာ ခရီးသွားလာလျက်ရှိသည့် အများပြည်သူများ၏ အသက်အန္တရာယ် ထိခိုက်သေကျေသည်အထိ စက်ဆုပ်ရွံရှာဖွယ် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် CRPH၊ NUG တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအား ချေမှုန်းနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ ဆုတ်ခွာသွားသော အကြမ်းဖက်သမားများနောက်သို့ လိုက်လံချေမှုန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ချောင်းဦးမြို့နယ်၊ ငါးယုန်ကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများက ခရီးသည်တင်ယာဉ်များအား မိုင်းဆွဲ၊ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သံဃာတော်တစ်ပါးအပါအဝင် ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုအား တွေ့မြင်ရစဉ်










ချောင်းဦးမြို့နယ်၊ ငါးယုန်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းဆွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရသည့် ခရီးသည်တင်ယာဉ်များအား တွေ့မြင်ရစဉ်။



PDF အမည်ခံအကြမ်းဖက်သမားများထောင်ထားသော ပေါက်ကွဲမှုမရှိသေးသည့် လက်လုပ်မိုင်းများ။





ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအနီး PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင်ယာဉ်များအား မိုင်းဆွဲ၊ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

# ရေပျော်ငှက်များပျော်စံရာ သဘာဝထိန်းသိမ်းရေးနယ်မြေများ



သိန်းညွန့်(P.Z.L)

**ငှက်များ၏ပျံသန်းကျက်စားမှုသည် သဘာဝပတ်ဝန်းကျင်အနေအထားနှင့် ရာသီဥတုအပေါ်ဖော်ညွှန်းကြောင်း ရှေးမဆွကပင် သုတေသီတို့ သတိပြုမိခဲ့ကြပေသည်။ အထူးအားဖြင့် ငှက်သတ္တဝါတို့၏ ပျံသန်းပုံကို စေ့ငု၍ ပင်လယ်ရေပြင်တစ်လွှား ရွက်လွှင့်သွားသူများအဖို့ အားပြုခဲ့ကြရပါ၏။ သို့ဖြင့် ငှက်များ၏ စရိုက်လက္ခဏာ အဖုံဖုံသည်ပင် သုတေသီများအတွက် စိတ်ဝင်စားဖွယ်အတိ ရှိခဲ့ပေသည်။**

“ကမ္ဘာတစ်လွှား သုတေသနပြုလေ့လာချက်များအရ ငှက်မျိုးစိတ်ပေါင်း ၁၀၄၇၃ မျိုး ဖြန့်ကြက်ကျက်စားနေကြကြောင်း သိမှတ်ရပါသည်။ အရှေ့တောင်အာရှတွင်ကား မြန်မာနိုင်ငံသည် ငှက်မျိုးစိတ်များစွာတို့၏ ပျော်စံကျက်စားရာ နိုင်ငံတစ်နိုင်ငံအဖြစ် တည်ရှိနေ”

### ငှက်မျိုးစိတ် ၁၀၄၇၃ မျိုး

ကမ္ဘာတစ်လွှား သုတေသနပြုလေ့လာချက်များအရ ငှက်မျိုးစိတ်ပေါင်း ၁၀၄၇၃ မျိုး ဖြန့်ကြက်ကျက်စားနေကြကြောင်း သိမှတ်ရပါသည်။ အရှေ့တောင်အာရှတွင်ကား မြန်မာနိုင်ငံသည် ငှက်မျိုးစိတ်များစွာတို့၏ ပျော်စံကျက်စားရာ နိုင်ငံတစ်နိုင်ငံအဖြစ် တည်ရှိနေပေသည်။ သတ္တဗေဒ ရှုထောင့်မှကြည့်ပါက နို့တိုက်သတ္တဝါများပြီးလျှင် ငှက်များသည် အဆင့်မြင့်သတ္တဝါများအဖြစ် သီးခြားတွေ့ရှိကြရပါသည်။ မျက်မှောက်ပစ္စက္ခကာလ မြန်ဆန်စွာတိုးတက်လျက်ရှိသည့် ကမ္ဘာ၌ ငှက်များကို စူးစူးစိုက်စိုက် သုတေသနပြုလေ့လာခြင်းသည်လည်း ရေပန်းစားလာခဲ့ပေသည်။

### ဆောင်းခိုပျော်စံကျက်စား

ကမ္ဘာတစ်ခွင်တွင် ဆောင်းခိုငှက်များပျံသန်းရာ လမ်းကြောင်းကိုးခုရှိပြီး အလယ်အာရှပျံသန်းရာ လမ်းကြောင်း(Central Asia Flyway)နှင့် အရှေ့အာရှ ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း(East Asian Australian Fly Way) နှစ်ခုကို အသုံးပြု၍ ဆောင်းခိုငှက်အများအပြားသည် မြန်မာနိုင်ငံ ရေဝပ်ဒေသများ၌ ဆောင်းခိုပျော်စံ ကျက်စားကြကြောင်း သိမှတ်ရပေသည်။

အမိမြန်မာနိုင်ငံတော်၏ အင်းတော်ကြီး၊ အင်းလေးကန်နှင့် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့တွင် အဓိကကျသည့် ရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေများအဖြစ် ရေပျော်ငှက်များ မြူးထူးကျက်စားလျက်ရှိကြသည်။

### မြန်မာနိုင်ငံ၏ အကြီးဆုံးရေချိုကန်

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် မြန်မာနိုင်ငံ၏ အကြီးဆုံးရေချိုအိုင်ကြီးဖြစ်သည့် အင်းတော်ကြီးကန်နှင့် ဆက်စပ်ရေဝပ်ဧရိယာ စတုရန်းမိုင် ၁၀၀၊ ရေဝေရေလဲတောဧရိယာအနေဖြင့် ၂၁၄ ဒသမ ၆၇ စတုရန်းမိုင်အပါအဝင် စုစုပေါင်း ၃၁၄ ဒသမ ၆၇ စတုရန်းမိုင်ကို အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ၂၀၀၄ ခုနှစ် ဩဂုတ် ၉ ရက်က စတင်သတ်မှတ်ခဲ့သည်။

ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၅၄၆ပေရှိသည့် အင်းတော်ကြီးကန်သည် ပေ၂၀၀၀ ကျော်မြင့်မားလှသည့် တောင်စဉ်တောင်တန်းများ လွှမ်းခြုံထားကာ ရေပျော်ငှက် ၁၀၅ မျိုးကို တွေ့ရှိထားသည်။

### အရေးကြီးသော ငှက်မျိုးစိတ်များကျက်စား

နှစ်စဉ်ဆောင်းခိုရေပျော်ငှက်ကောင်ရေ ၂၀၀၀၀ ကျော် လာရောက်ကျက်စားကြ၍ နိုင်ငံတကာအဆင့် အရေးကြီးသောငှက်မျိုးစိတ်များ ကျက်စားရာ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ထားပါ၏။

ကမ္ဘာသိထင်ရှားလှသော ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်နှင့် စံကားအင်း၊ ပင်လောင်း/ဖယ်ခုံ၌ မိုးဖြဲအင်းဒေသများသည်လည်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ ဖြစ်ကြပြီး ရေပျော်ငှက်မျိုးစိတ် ၉၅ မျိုး တွေ့ရှိထားကာ နှစ်စဉ်ဆောင်းခိုရေပျော်ငှက်ကောင်ရေ ၂၀၀၀၀ ကျော် ကျက်စားရာ သဘာဝထိန်းသိမ်းရေး နယ်မြေများပင်ဖြစ်သည်။

### မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

ရေပျော်ငှက်မျိုးစိတ်ပေါင်း ၈၀ ခန့် ကျက်စားရာ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည်ကား နိုင်ငံတကာအဆင့် အရေးကြီးသော ငှက်မျိုးစိတ်များကျက်စားရာ နယ်မြေဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ပဲခူးနှင့် ဝေါမြို့နယ်များအတွင်း တည်ရှိသည်။

အချုပ်အားဖြင့်ဆိုရပါက ဂေဟစနစ်အတွက် အရေးပါသော ရေပျော်ငှက်များ၏ လူသားများအတွက် ဝန်ဆောင်မှုပေးသည့် အနေအထားသည်ကား များပြားလှပါဘိ။ ဤသည်မှာ သဘာဝက ပေးစွမ်းသောရေပျော်ငှက်များ၏ အထောက်အပံ့ကောင်းများပင် ဖြစ်ချေသည်။

သို့ဖြစ်ပေရာ ရေပျော်ငှက်များပျော်စံရာ မြန်မာနိုင်ငံ၏ ရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေ ရမ်ဆာရေဝပ်ဒေသများဖြစ်ကြသော အင်းတော်ကြီး၊ အင်းလေးကန်နှင့် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ၌ ရေပျော်ငှက်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ အရှည်တည်တံ့စေရေးအတွက် တာဝန်သိပူးပေါင်းပါဝင်ကြနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။ ။



# ရွှေစက်တော်ဘေးမဲ့တောအား အာဆီယံအမွေအနှစ်ဥယျာဉ်တည်ထောင်နိုင်ရေး သဘောထားရယူဆောင်ရွက်

မောင်မောင်(မင်းဘူး)

မြန်မာနိုင်ငံ၏ အထင်ကရ မန်းရွှေစက်တော်ဘုရားကြီးအား အမှီပြု၍ ရွှေစက်တော်ဘေးမဲ့တောကို အာဆီယံအမွေအနှစ်ဥယျာဉ်တည်ထောင်နိုင်ရေးအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန (ASEAN Center for Bioiversity–ACB)နှင့် ဆက်သွယ်ချိတ်ဆက်ဆောင်ရွက်နေကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိရွှေစက်တော်ဘေးမဲ့တောအား အာဆီယံအမွေအနှစ်ဥယျာဉ် တည်ထောင်နိုင်ရေးနှင့် စပ်လျဉ်းပြီး ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားရယူခြင်းကို ဇွန် ၁၉ ရက်က မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သစ်တောဦးစီးဌာန ရွှေစက်တော်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းက ရွှေစက်တော်ဘေးမဲ့တောအား စတင်ဖွင့်လှစ်တည်ထောင်ခြင်းနှင့် ဘေးမဲ့တောအတွင်း ဇီဝမျိုးစုံမျိုးကွဲများ၊ သားငှက်တောရိုင်းတိရစ္ဆာန်များ၏ ကျင်လည်ကျက်စားနေထိုင်မှုနှင့် ၎င်းတို့အား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန (နေပြည်တော်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်စိန်ဝင်းထွန်းက ရွှေစက်တော်ဘေးမဲ့တောကို အာဆီယံအမွေအနှစ်ဥယျာဉ် တည်ထောင်နိုင်ရေးနှင့် စပ်လျဉ်းပြီး အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။



“အာဆီယံ အမွေအနှစ်ဥယျာဉ်များ (AHPs) အဖြစ် ထပ်မံတိုးချဲ့ပြီး အမည်စာရင်းများ အဆိုပြုရန်အတွက် အာဆီယံ ဇီဝမျိုးစုံမျိုးကွဲ ဗဟိုဌာနသို့ ဆက်သွယ်တင်ပြထား”

အဆိုပါဆွေးနွေးပွဲ၌ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခြင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်း၊ အာဆီယံအမွေအနှစ်ဥယျာဉ်များအဖြစ် အဆိုပြုသတ်မှတ်ခြင်းဆိုင်ရာစံနှုန်းများနှင့် အာဆီယံအမွေအနှစ်ဥယျာဉ် ၅၇ ခုအနက်မှ မြန်မာနိုင်ငံက သဘာဝထိန်းသိမ်းရေးနယ်မြေ ရှစ်ခု ပါဝင်နေကြောင်း၊ မြန်မာနိုင်ငံအတွင်းမှ အာဆီယံအမွေအနှစ်ဥယျာဉ်များ (AHPs)အဖြစ် ထပ်မံတိုးချဲ့ပြီး အမည်စာရင်းများ အဆိုပြုရန်အတွက် အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနသို့ ဆက်သွယ်တင်ပြထားကြောင်း ဒေသခံများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး လွတ်လပ်သော ဆန္ဒသဘောထားများကို ရယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## မြစ်ကြီးနားခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၉

ဒေါ်ဝါဝါမြင့် နှင့် ဦးတင်ထွေး
**တရားလို** **တရားပြိုင်**

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အမှတ်(၂၂၈)နေ ဦးတင်ထွေး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝါဝါမြင့်က အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ(၂၆)ရက်(၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် ၆ ရက် )နေ့ မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင်အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလို လျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၀ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက် မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းကိုကို)
**ခရိုင်တရားသူကြီး**
**မြစ်ကြီးနားခရိုင်တရားရုံး**

## အမည်မှန်
စစ်ကိုင်းမြို့၊ ထက်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-11မှ (ဘ) ဦးရဲထက်အောင် ၅/မမတ(နိုင်)၀၄၈၆၀၈ ၏ သမီး မနှင်းထက်စံ၏ အမည်မှန်မှာ မနိုရာအောင်ဖြစ်ပါကြောင်း။
**မနိုရာအောင်**

## အမည်မှန်
မကွေးမြို့နယ်၊ မယ်လှတောင်ကျေးရွာနေ (ဘ) ဦးအောင်ကျော်စိုး၏ သား အမည်မှန်မှာ မောင်စိုင်းနောင်နောင် ၈/မကန(နိုင်) ၃၄၁၅၆၀ ဖြစ်ပါကြောင်း။

## အမည်ပြောင်း
ဦးယဉ်ထွန်း-ဒေါ်မေသက်ခိုင် တို့၏သား ပုသိမ်မြို့၊ အမှတ်(၁၇)၊ ဖက်တန်းလမ်း၊ DPS ကိုယ်ပိုင်မူလ တန်းကျောင်း Grade-4 မှ မောင်လင်းထက်ကောင်း အား မောင်သန့်ဇင်အောင်ဟု ပြောင်း လဲခေါ်ဆိုပါရန်။
**မောင်သန့်ဇင်အောင်**

## ဖခင်အမည်မှန်
ဒိုက်ဦးမြို့နယ်၊ သုံးခွကျေးရွာ၊ မူလွန်(မင်းရွာ) Grade-5မှ မောင်ရန်နောင်လင်း၏ ဖခင် အမည်မှန်မှာ ဦးဇော်အောင် ၇/ဒဥန(နိုင်)၁၂၃၄၄၉ ဖြစ်ပါကြောင်း။
**ဦးဇော်အောင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၄-ဘီ)၊ ခွာညိုလမ်း၊ မြရတနာသစ်ဆိမ့်ကုန်းရပ်ကွက်၊ မြေကွက်အမှတ်(၁၄၅၉)၊ (၃၀ X၅၀)ပေအကျယ် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ဆိုဖီယာ အမည်ဖြင့်တည်ရှိသော နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက် ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်ဆိုဖီယာ ၁၂/ဗတထ(နိုင်)၀၃၀၈၈၆မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးချစ်ဦး ၁၂/မဂဒ(ပြု)၀၀၀၇၅၁ကလည်း အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက် အတွင်းတိကျခိုင်လုံ သော ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၄၉၅၀၂/၂၀၁၈)** |

**တိုက်(၄)၊အခန်း(၃၁)၊ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## အများသိစေရန် အသိပေးကြေညာခြင်း
ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော တန့်ဆည်မြို့နယ်၊ အင်ပင် အိုင်ကျေးရွာ နေသူ (၁)ဒေါ်ခင်စိုး ၅/တဆန(နိုင်) ၁၃၂၂၁၉နှင့် (၂)ဒေါ်အိအိထွေး ၅/ တဆန(နိုင်) ၁၄၂၀၈၅ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

(၂၆-၂-၂၀၂၃)ရက်နေ့ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အရ ဒေါ်မာ(ခ) ဒေါ်အေးအေးမာ ပိုင်ဆိုင်ခဲ့သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက် ကြီး(၅)၊ (၁၈)ကွက်၊ ကျောက်တောင်ရပ်၊ ဦးပိုင်အမှတ်(၃၄)၊ မြေရီယာ (၀ဒသမ ၄၁)ကေအတွင်းမှ ဧရိယာ(၆၇x၆၅x၆၃x၄၅)ပေအကျယ်ရှိ မြေအား ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဒေါ်ခင်စိုးနှင့် ဒေါ်အိအိထွေးတို့မှ(၂၇-၆-၂၀၂၄) ရက်စွဲပါ မြေအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရောက်ရယူပြီးဖြစ်ပါ ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်ပိုပိုစံ(LL.B,DBL)** | **ဒေါ်အိဖြူ(LL.B,DBL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၃၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၉၀)** |
| **ဖုန်း-၀၉-၇၉၈၈၇၄၄၆၁** | **ဖုန်း-၀၉-၇၉၂၅၄၃၄၇၉** |

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၇/ပဒေသာ၊ ဦးပိုင် အမှတ်(၁၇၀)၊ မြေဧရိယာ ၀ဒသမ ၁၁၀ကေရှိ မြေကွက်အား မြေငှားဂရန်(အမည် ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်ခိုင်ခိုင် ၉/မမန(နိုင်) ၀၃၂၁၆၃မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## တွေ့ရှိပါကကျေးဇူးဆပ်ပါမည်
ယာဉ်အမှတ် 6Q/7629, အမျိုးအမည် LIFAN X 50 ယာဉ်လက်ဝယ်ရှိသူ ယာဉ်ပိုင်ရှင် အမည် ဒေါ်အေးဇာဇာမြင့် ၁၂/ဗဟန(နိုင်)၀၁၀၄၆၅ ၏ ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃) မူရင်း၊ Wheel Test မူရင်း၊ မှတ်ပုံတင်ထည့်ထား သော ဖိုင်တွဲသည် ၂၀-၆-၂၀၂၄ ရက် နံနက်ပိုင်းတွင် လက်ဝဲသုန္ဒရလမ်း၊ ရွှေပေါက်ကံ၊ (၁၆)ရပ်ကွက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **(ကျေးဇူးဆပ်ပါမည်။)**
**ဆက်သွယ်ရန် -ဖုန်း-၀၉-၂၅၄၃၇၆၇၉၂၊ ၀၉-၉၇၉၅၆၀၀၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ လှူနေရပ်ကွက်အမှတ်(၁၉)၊ ကံ့ကော်လမ်း၊ မြေကွက်အမှတ်(၁၅၀၇- က)၊ဦးကြည် အမည်ပေါက် မြေချပါမစ်၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း။

အထက်ဖော်ပြပါမြေကွက်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ချောရူပါခင် ၇/ရတန(နိုင်) ၀၉၀၄၆၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးထွားလူ ၈/မမန(နိုင်) ၀၆၉၃၆၂မှ ဝယ်ယူရန်အတွက် စရန်တစ်စိတ်တစ်ဒေအားပေးချေ ထားပြီးဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့် အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကိုကိုထက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၃၀၉)**
**အမှတ်(၃၉)၊ မြောင်းမြလမ်း၊ (၁၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၅၀၂၃၂၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း
ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်/အရှေ့ရပ်ကွက်၊ သုခမလမ်းနှင့် မှန်ရဝေလမ်းထောင့်၊ အမှတ်(၉၀)၊ ပထမထပ်နေ ဦးထွန်းမြင့်အောင် ၈/မကန(နိုင်) ၀၂၈၀၁၃၏လွှဲအပ်ညွှန်ကြား ချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅ စီဂျီ)၊ မြေကွက်အမှတ်(၇၁၁)၊ မြေအကျယ်အဝန်း( $\frac{၁၈}{၁၉}$ x ၄၀ပေ)၊ (၀ဒသမ၀၁၇) ကေရှိသည့် မြေကွက်အနက်မှ မြေပိုင်ဆိုင်မှု တစ်ဝက်တိတိနှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ခန်းတွဲ (၃)ထပ်ခွဲတိုက်၏ တိုက်အမှတ်(၁၅)၊ ပထမထပ်တိုက်ခန်း (၁)ခန်း နှင့် တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိ ထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝေဝေခိုင် ၁၂/ဗဟန(နိုင်) ၀၄၁၈၈၈ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးထွန်းမြင့်အောင်** | **ဒေါ်အေးသူဇာအောင်(LL.B)** |
| **၈/မကန(နိုင်)၀၂၈၀၁၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃)** |

**သဃ်္ဃန်းကျွန်းမြို့နယ်ရှေ့နေများနားနေခန်း၊**
**သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံး၊ ဖုန်း -၀၉-၄၂၄၅၉၆၈၃၀၊ ၀၉-၇၉၉၅၆၁၅၇၄**

## (၂၈-၆-၂၀၂၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ-၂၆တွင်ရှိ အများသိစေရန် ကြေညာချက်နှင့်စပ်လျဉ်း၍ တုန့်ပြန်ကြေညာချက်
ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ညိုညိုလှိုင် ၁၂/ဗဟန(နိုင်)၀၂၂၉၅၈၏ လွှဲအပ်ချက်အရ ကျွန်ုပ်တို့မှ တုန့်ပြန်ကြေညာအပ်သည်မှာ(၂၈-၆-၂၀၂၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ-၂၆ပါ ဦးအောင်ဆန်းဝင်း(ခ) အောင်ခန့်ကို၏ အများသိစေရန်ကြေညာချက်တွင်ပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်း မြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၄)လမ်း၊ အပိုင်း(၄)၊ အမှတ်(၆၀၆/ဘီ)ရှိ ပထမ ထပ်(ခြေရင်း) တိုက်ခန်းသည် ကျွန်ုပ်တို့ မိတ်ဆွေ ဒေါ်ညိုညိုလှိုင်မှ(၃၀-၄-၂၀၂၁) ရက်ကတည်းက ဝယ်ယူပိုင်ဆိုင်ခဲ့သော တိုက်ခန်းဖြစ်ပြီး၊ သမီးဖြစ်သူ ဒေါ်ဝိုင်းစန္ဒာ လှိုင်အား မိခင်တစ်ဦး၏ မေတ္တာဖြင့် မိခင်နှင့်အတူတကွ နေထိုင်ခွင့်ပြုခဲ့ခြင်းသာ ဖြစ်ပြီး၊ ဒေါ်ဝိုင်းစန္ဒာလှိုင်မှ ပိုင်ဆိုင်ခြင်းမရှိသလို ဦးအောင်ဆန်းဝင်း(ခ)ဦးအောင် ခန့်ကိုနှင့်လည်း သက်ဆိုင် ခြင်း၊ ပိုင်ဆိုင်ခြင်းမရှိပါ။ လက်ထက်ပွားပစ္စည်းလည်း မဟုတ်ပါ။ ကျွန်ုပ်တို့မိတ်ဆွေပိုင်ဆိုင်သော တိုက်ခန်းဖြစ်၍ ကျွန်ုပ်တို့မိတ်ဆွေမှ ဆန္ဒရှိသလို စီမံခန့်ခွဲ၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများ ပြုလုပ်နိုင်ပြီး၊ ယင်းသို့ပြုလုပ်မှုများအား မည်သူတစ်ဦးတစ်ယောက်မှ ကန့်ကွက်တားဆီးပိုင်ခွင့်မရှိ ကြောင်းနှင့် ကန့်ကွက်တားဆီးလာပါက မိမိနှင့်မသက်ဆိုင်မှန်း သိပါလျက် မတော်လောဘဖြင့် ကျွန်ုပ်တို့မိတ်ဆွေ၏ ပိုင်ရေးဆိုင်ခွင့်အား ထိပါးနှောင့်ယှက် လာပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ထို့အပြင် အထက်ပါ တိုက်ခန်းသည် ဒေါ်ဝိုင်းစန္ဒာလှိုင်နှင့် ဦးအောင်ခန့်ကိုတို့၏ လက်ထက်ပွားပစ္စည်းမဟုတ်ကြောင်း အား သဃ်္ဃန်းကျွန်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၁၃၁/၂၀၂၄ ၌ သက်သေ ထင်ရှားပြသရန် ဆောင်ရွက်နေပြီး၊ တရားရုံးတော်မှ လက်ထပ်ပွားပစ္စည်းဖြစ် ကြောင်း သုံးသပ်မှု မပြုရသေးခြင်း၊ ဝရမ်းတစ်စုံတစ်ရာကပ်ခြင်း မပြုသေးမီ ဦးအောင်ဆန်းဝင်း(ခ) ဦးအောင်ခန့်ကိုမှ အထက်ပါတိုက်ခန်းသည် လက်ထပ်ပွား ပစ္စည်းဖြစ်ကြောင်း ဖော်ပြ၍ ကန့်ကွက်တားဆီးမှုပြုပိုင်ခွင့် မရှိသလို ကြေညာ ပိုင်ခွင့်မရှိ၍ ဥပဒေနှင့်မညီသော ပြုလုပ်မှုအား ရပ်တန့်ပါရန်နှင့် ဆက်လက်ပြုလုပ် ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်ဥမ္မာဦး** | **ဒေါ်အေးသူဇာအောင်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၃၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃)** |
| **ဖုန်း-၀၉ ၄၂၁၀၈၀၃၂၅** | **ဖုန်း-၀၉ ၄၂၄၅၉၆၈၃၀** |

## ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၅)လမ်း၊ အမှတ် ၃၁၇၊ (၂)ခန်းတွဲ(၂)လွှာ၊ (ပထမထပ်)(ခြေရင်းခန်း)ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား ၁၇ပေ x အနံ ၅၁ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင် ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းထွန်း ၁၂/ပဇတ(ပြု)၀၀၀၂၂၅ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးကျော်မျိုးဝင်း ၁၂/လသန(နိုင်) ၀၂၃၄၄၅က အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဤတိုက်ခန်း အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၁၄၀)**
**ဖုန်း-၀၉-၂၅၃၈၉၇၁၇၅**

## အများသိစေရန် ကြေညာခြင်း
မြစ်ကြီးနားမြို့၊ မိုးညှင်းခရိုင်၊ မြို့မရပ်ကွက်၊ နတ်ကြီးကုန်း၊ ဦးပိုင်အမှတ် (၂၅၉)၊ ဧရိယာ(၀ဒသမ၃၃၈)ကေ အကျယ်အဝန်းရှိ ဦးလထော်တူး(ဘ) ဦးလ ထော်ဝမ်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိဆောက် လုပ်ထား သော(၄x၃)ခန်း သွပ်မိုး နံကပ်(၂)ထပ်တိုက်၊(၂x၂)ခန်း သွပ်မိုး နံကပ်(၁) ထပ်တိုက်၊ ရေ+မီး အပါအဝင် မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင် အကျိုးခံစား ခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင် လက်ရှိပိုင်ဆိုင်ထား၍ စီမံခန့်ခွဲရောင်းချပိုင် ခွင့်အပြည့်အဝ ရှိသည်ဟု အဆိုပြုသူ ဦးလထော်တန်(ခ)ဦးထွန်းထွန်းနိုင်(ဘ) ဦးလထော်တူး ၁/မညန(နိုင်) ၀၇၄၆၄၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီ၍ရောင်း ကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေ ထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက် စာတမ်း ၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရည်မွန်ကျော်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၄၇၁၉)**
**၅၈(ဘီ)လမ်းx၁၁၃(အေ)လမ်း၊ ကန်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၅၉၇၀၀၀၂၀၊ ၀၉-၆၇၄၁၈၄၈၈၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း
ကျောက်တံခါးမြို့နယ်၊ ကျောက်တံခါးမြို့၊ ဈေးပိုင်းရပ်ကွက်၊ရွှေညောင်ပင်လမ်းနေ ဦးသြမ်းပရာကပ်(ဘ) ဦးဂျိုက်ပရာကပ် ၇/ကတခ(နိုင်) ၀၀၁၁၆၁ မှ ကျောက်တံခါးမြို့၊ ဈေးပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်၄-ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၇၃)တွင်ရှိသော ဆရာတင်-မစိမ်းရင်အမည်ဖြင့် DORP-NO $\frac{931}{1948.44}$ အရ 14 $\frac{6}{49}$ က 31 $\frac{12}{58}$ အထိ မြေငှားဂရန်ရရှိထားသည့် မြေချိန်(၀.၀၅၂၃)ကေရှိသောမြေအား စာချုပ်စာတမ်းမှတ်ပုံတင်၍ ဝယ်ယူနေထိုင်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသြမ်းပရာကပ်(ဘ)**
**ဦးဂျိုက်ပရာကပ်**
**၇/ကတခ(နိုင်)၀၀၁၁၆၁**
**ဈေးပိုင်းရပ်ကွက်၊ ကျောက်တံခါးမြို့**
**ဖုန်း - ၀၉-၉၆၀၀၂၆၀၃၃**
**၀၉-၂၅၀၁၁၀၉၈၀**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း
ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/အကွက် အမှတ်(၃)၊ ကုန်းကလေးအကွက်၊ဦးပိုင်အမှတ်(၅၉)၊ မြေဧရိယာ(၀ဒသမ ၀၆၅)ကေရှိ မြေကွက်အား ဘိုးဘပိုင် အမည်ပြောင်းပေးရန် ဦးတင်အောင်၊ ဒေါ်ဝင်းဝင်းခိုင်တို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများနှင့်အတူ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်း အင်းဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး နှင့်စာရင်းအင်းဦးစီးဌာန၊ ဘားအံမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း
မန္တလေးတိုင်းဒေသကြီး၊သာစည်မြို့နယ်၊ အထက(ရွှေလုံ)တွင် ပညာသင်ကြားနေသော Grade-12 မှ မောင်ကျော်ဇေလင်း ၉/မထလ(နိုင်) ၄၀၄၂၁၉ ၏ဖခင် ဦးဇော်မင်းနှင့် ဦးဇော်မင်းထက်သည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဇော်မင်း(ခ)ဦးဇော်မင်းထက်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် RLG/3599 ယာဉ်လက်ဝယ်ရှိသူ ဦးစက္ကိန္ဒ ၉/မရတ (နိုင်)၀၀၁၆၃၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 48W/86469 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြင့်စိုး ၉/ပဥလ(နိုင်) ၀၅၀၄၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 55W/34325, Lifan 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရည်မွန်စံ ၅/ပလဘ(နိုင်) ၀၇၇၆၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ လေးထောင့်ကန်စံပြရပ်ကွက်၊ စွယ်တော်(၃)လမ်း၊ ဂုံညင်းနီတောရှေ့၊ မြေကွက်အမှတ်(၅၂၉-ဂ/ဘီ)၊ (၂၀ x ၆၀)ပေအကျယ်ရှိ ဦးကျော်ရွှေ အမည်ပေါက်ရွာမြေ ၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးကျော်သူစိုး ၇/အတန(နိုင်)၀၈၁၄၉၃မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးမြတ်မြတ်ဖြိုး ၁၂/ထတပ (နိုင်)၁၃၂၆၇၀ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်းတိကျ ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၅/၂၀၁၅) | အထက်တန်းရှေ့နေ (စဉ်-၄၉၅၀၂/၂၀၁၈) |

တိုက်(၄)၊အခန်း(၃၁)၊ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့် အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၈၀ယ/၂၃၆၃၈ ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်းစိုး ၃/ဘအန(နိုင်) ၁၆၇၁၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၆၈ယ/၇၇၄၂ ယာဉ်လက်ဝယ်ရှိသူ ဦးငွေအေး ၁၀/မလမ(နိုင်) ၁၂၀၈၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၈၀ယ/၂၉၂၂၇ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်းဦး ၁၀/ပမန(နိုင်) ၁၃၈၈၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံစာရင်းကောင်စီ
## အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်လျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံခြားတိုင်းပြည်များမှ စာရင်းပညာဆိုင်ရာလက်မှတ်ရရှိထားသည့် နိုင်ငံသားများအား လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖြစ် မှတ်ပုံတင်ရန် အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ကျင်းပမည်ဖြစ်ပါသည်။

၂။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်ရှိသူများ၊ သင်ရိုးညွှန်းတမ်း၊ ဖြေဆိုရမည့်နေရာ၊ အချိန်စာရင်း၊ လျှောက်လွှာတင်သွင်းရန် အချက်အလက်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့် စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း(ရန်ကုန်)၊ အမှတ်၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းနှင့် ဤရုံး၏ Website: www.oagmac.gov.mm တွင် ကြေညာထားပါမည်။

၃။ ဖုန်း-၀၁-၂၃၀၂၆၅၉၊ ၀၉-၇၉၁၃၂၀၉၂၄၊ ၀၉-၇၅၈၃၈၃၁၅၉ တို့သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ (ယခင်ဟောင်လိတ် ကျေးရွာအုပ်စု)၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ဈ)ရှိ၊ မြေကွက်အမှတ်(ဈ-၁၃)၊ အကျယ်အဝန်း ပေ(၆၀ x ၄၀)၊ မြေကွက်ကို ဗိုလ်မှူးခင်မျိုးဆွေ ကြည်း-၂၇၉၆၇ ထံမှ ကျွန်မ ဒေါ်နာလား ၁၃/တခလ(နိုင်)၀၃၅၁၇ က ပိုင်ဆိုင်မှုစာရွက်စာတမ်းနှင့်တကွ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ (၂၀၂၂) ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်အား ခြံစည်းရိုးကာရံခြင်းနှင့် သက်ဆိုင်ရာရုံးဌာနတွင် အမည်ပေါက်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း သက်ဆိုင်ရာရုံးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ဒေါ်နာလား**
**၁၃/တခလ(နိုင်)၀၃၅၁၇**
**ဖုန်း-၀၉-၆၇၁၇၇၈၄၄၈**

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ (ယခင်ဟောင်လိတ်ကျေးရွာအုပ်စု)၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ဈ)ရှိ၊ မြေကွက်အမှတ်(ဈ-၂၀၄)၊ အကျယ်အဝန်း ပေ(၆၀ x ၄၀)၊ မြေကွက်ကို ဒေါက်တာသန်းထွဋ်ဦး ၁၀/သတန(နိုင်)၀၄၇၂၈၀ ထံမှ ကျွန်မ ဒေါ်နာလား ၁၃/ တခလ(နိုင်)၀၃၅၁၇ က ပိုင်ဆိုင်မှုစာရွက်စာတမ်းနှင့်တကွ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ (၂၀၂၂) ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်အား ခြံစည်းရိုးကာရံခြင်းနှင့် သက်ဆိုင်ရာရုံးဌာနတွင် အမည်ပေါက်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း သက်ဆိုင်ရာရုံး ဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နာလား**
**၁၃/တခလ(နိုင်)၀၃၅၁၇**
**ဖုန်း -၀၉-၆၇၁၇၇၈၄၄၈**

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ (ယခင်ဟောင်လိတ်ကျေးရွာအုပ်စု)၊ ဆန်ဆိုင်း(ခ) ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ဈ)ရှိ၊ မြေကွက်အမှတ် (ဈ-၄၉၇)၊ အကျယ်အဝန်း(၆၀x၄၀)ပေ၊ မြေကွက်ကို ဒေါ်အေးအေးစိုး ၁၃/ကတန (နိုင်) ၀၀၁၈၀၅ ထံမှ ကျွန်မ ဒေါ်ချင်၁၃/တကန(နိုင်)၂၉၂၀၇၉ က ပိုင်ဆိုင်မှု စာရွက်စာတမ်းနှင့်တကွ အရောင်းအဝယ် စာချုပ်ချုပ်ဆိုကာ (၂၀၂၄)ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်အား ခြံစည်းရိုးကာရံခြင်းနှင့် သက်ဆိုင်ရာရုံးဌာနတွင် အမည်ပေါက်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း သက်ဆိုင်ရာရုံးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင် ပါသည်။

**ဒေါ်ချင်**
**၁၃/တကန(နိုင်)၂၉၂၀၇၉**
**ဖုန်း-၀၉-၆၇၁၇၇၈၄၄၈**

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့ (ယခင်ဟောင်လိတ်ကျေးရွာအုပ်စု)၊ ဆန်ဆိုင်း(ခ) ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ဈ)ရှိ၊ မြေကွက်အမှတ်(ဈ-၄၅၄)၊ အကျယ်အဝန်း(၆၀ x ၄၀)ပေ မြေကွက်ကို ဒုအရာခံဗိုလ်စောထွန်း(ကပ- ၃၅၇၈၂၁ ထံမှ ကျွန်မ ဒေါ်ချင် ၁၃/တကန(နိုင်)၂၉၂၀၇၉ က ပိုင်ဆိုင်မှုစာရွက်စာတမ်းနှင့်တကွ အရောင်းအဝယ် စာချုပ်ချုပ်ဆိုကာ (၂၀၂၂)ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်အား ခြံစည်းရိုးကာရံခြင်းနှင့် သက်ဆိုင်ရာရုံးဌာနတွင် အမည်ပေါက်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း သက်ဆိုင်ရာရုံးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင် ပါသည်။

**ဒေါ်ချင်**
**၁၃/တကန(နိုင်)၂၉၂၀၇၉**
**ဖုန်း-၀၉-၆၇၁၇၇၈၄၄၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9P/6496 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်၊ ၁/၂၀၂၄
## ၁၃၈၆ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက်
## (၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း ကျပ်(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရရှိသော အောက်ဖော်ပြပါ ဒုတိယဦးစီးမှူးရာထူး(၂၅၀)နေရာအတွက် လျှောက်လွှာ တင်သွင်းနိုင်ပါသည် -

| ပညာအရည်အချင်း | အရေအတွက် |
|---|---|
| (က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ<br>(စီးပွားရေးတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ သို့မဟုတ် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး စာရင်းကိုင် ဒီပလိုမာလက်မှတ်တစ်ခုခုရရှိပြီးသူများအား ဦးစားပေးခန့်ထားမည်) | ၂၅၀ ဦး |

၂။ လျှောက်ထားသူသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) ၃၁-၇-၂၀၂၄ ရက်နေ့တွင် အသက်(၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်၊
- (ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
- (ဃ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်၊
- (င) ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော် (ရုံးချုပ်)နှင့် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့် ရုံးများတွင် အမြဲတမ်း တာဝန်ထမ်းဆောင်နိုင်ရမည်၊
- (စ) ရွေးချယ်ခန့်ထားခြင်းခံရပါက ပြည်တွင်းအခွန်များဦးစီးဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာတွင်ပါရှိသောအချက်များကို ပြည့်စုံစွာရေးသွင်းရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို ပြည်တွင်း အခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.ird.gov.mm တွင် Download ရယူနိုင်ပါသည်။
(လျှောက်လွှာရောင်းချခြင်း/ထုတ်ပေးခြင်းမပြုပါ။)

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည် -
- (က) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော(၁" x ၁.၂၅") အရွယ် ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ
- (ဂ) ဘွဲ့လက်မှတ်မိတ္တူ
- (ဃ) ကွန်ပျူတာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်မိတ္တူ၊ အခြားရရှိထားသည့် အသိအမှတ်ပြု လက်မှတ်မိတ္တူ
- (င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (စ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဆ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ
- (ဇ) ကျန်းမာကြောင်းဆေးလက်မှတ်(မူရင်း)
- (ဈ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)
- (ည) သက်ဆိုင်ရာမြို့နယ်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)

၅။ လျှောက်လွှာကို ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော် (ရုံးချုပ်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အမြန်ချောပို့စနစ်ဖြင့်ဖြစ်စေ ၃၁-၇-၂၀၂၄ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် တင်ပြလျှောက်ထားရမည်ဖြစ်ပြီး ခွင့်ပြုချက်မပါရှိသည့် လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများအနေဖြင့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်တစ်မျိုးမျိုး ကျခံခဲ့ဖူးသူဖြစ်ပါက ပြစ်ဒဏ်အမျိုးအစားကို လျှောက်လွှာတွင်(မပျက်မကွက်) ထည့်သွင်းဖော်ပြထားရမည်ဖြစ်ပြီး ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၈။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ သတ်မှတ်စည်းကမ်းချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကျင်းပမည့် နေ့ရက်နှင့်နေရာကို မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် ထပ်မံကြေညာပေးမည်။

၁၀။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

၁၁။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၃၀၀၁၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## အမည်မှန်

ပခုက္ကူမြို့၊ အထက(၁)ကျောင်း Grade-10(C) မှ ကျောင်းသူမှ ဦးကျော်သန်းလှိုင် ၈/ပခက(နိုင်) ၁၇၁၃၁၆ ၏သမီး မရွှေရုပ်လွှာ၏ အမည်မှန်မှာ မရွှန်းလဲ့လဲ့လှိုင် ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ပခုက္ကူမြို့၊ အထက(၁) ကျောင်းသား Grade-10(E) မှ ကျောင်းသား (ဘ) ဦးရဲလွင်၏သား မောင်အောင်ပြည့်ဖြိုး ၈/ပခက(နိုင်)၃၅၆၆၀၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁-၂၀၀၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ (ယခင်ဟောင်လိတ်ကျေးရွာအုပ်စု)၊ ဆန်ဆိုင်း(ခ) ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ဈ)ရှိ၊ မြေကွက်အမှတ် (ဈ-၄၉၆)၊ အကျယ်အဝန်း(၆၀ x ၄၀)ပေ၊ မြေကွက်ကို ဗိုလ်မှူးခင်မျိုးဆွေ ကြည်း-၂၇၉၆၇ ထံမှ ကျွန်မ ဒေါ်နာလား ၁၃/တခလ(နိုင်)၀၃၅၁၇ က ပိုင်ဆိုင်မှုစာရွက်စာတမ်းနှင့်တကွ အရောင်းအဝယ် စာချုပ်ချုပ်ဆိုကာ (၂၀၂၂)ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်အား ခြံစည်းရိုးကာရံခြင်းနှင့် သက်ဆိုင်ရာ ရုံးဌာနတွင် အမည်ပေါက်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း သက်ဆိုင်ရာ ရုံးဌာနသို့ ပိုင်ဆိုင်မှု အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နာလား**
**၁၃/တခလ(နိုင်)၀၃၅၁၇**
**ဖုန်း-၀၉-၆၇၁၇၇၈၄၄၈**

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ (ယခင်ဟောင်လိတ်ကျေးရွာအုပ်စု)၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ဈ)ရှိ၊ မြေကွက်အမှတ်(ဈ-၃၆၉)၊ အကျယ်အဝန်း(၆၀x၄၀)ပေ၊ မြေကွက်ကို ဒုဗိုလ်မှူးကြီးနိုင်လင်းစိုး ကြည်း-၂၈၁၇၀ ထံမှ ကျွန်တော် ဦးကျမော့ ၁၃/တယန(နိုင်)၀၃၅၁၉ က ပိုင်ဆိုင်မှုစာရွက်စာတမ်းနှင့်တကွ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ (၂၀၂၂) ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်အား ခြံစည်းရိုးကာရံခြင်းနှင့် သက်ဆိုင်ရာရုံး ဌာနတွင် အမည်ပေါက်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း သက်ဆိုင်ရာ ရုံးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးကျမော့**
**၁၃/တယန(နိုင်)၀၃၅၁၉**
**ဖုန်း-၀၉-၆၇၁၇၇၈၄၄၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၉၃၁၈၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးချမ်းဖြူစင် ၁၀/ရမန(နိုင်)၂၂၈၉၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၆၂၇၆၀ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းလတ် ၁၀/မလမ(နိုင်)၁၄၀၁၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၈၄၉၇၃ Zong 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလင်း ၁၃/နခတ(နိုင်)၀၂၀၂၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/51544 Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖေယျာမင်း ၁၀/ပမန(နိုင်)၁၇၄၆၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မိုးညှင်းမြို့၊ အရှေ့စုရပ်ကွက်၊ အကွက်အမှတ်(၉)၊ မြို့ရှေ့ရပ်၊ ဦးပိုင်အမှတ် ၃၄(က)၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ မြေကွက်သည် ဒေါ်ခင်နွဲ့ကြည်၊ ဒေါ်လှလှမိုးတို့ အမည်ဖြင့် ၃၀-၆-၂၀၂၂ အထိ နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက် ဖြစ်ပါသည်။ မူလဂရန်မူရင်းသည် အမှန်တကယ် ပျောက်ဆုံးသွားပါသဖြင့် ဦးနိုင်ဇအုပ်၊ ဒေါ်ရွှေပိုးဥ အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်ဇအုပ်**
**အရှေ့စု(၁)လမ်း**
**အရှေ့စုရပ်ကွက်**
**မိုးညှင်းမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/3556 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ ပညာတန်ဆောင်(၁)လမ်း၊ မြေကွက်အမှတ်(၁၅၅)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိနှစ်(၆၀)မြေငှားဂရန် မြေကွက်အနက်မှ မြေကွက်အမှတ်(၁၅၆)နှင့်ကပ်လျက်ရှိသော အကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့် ရှိကြောင်းအဆိုပြုသူ ဒေါ်နှင်းအိဝင်း (၁၂/ကမရ(နိုင်)၀၃၀၃၅၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
Ph,09421746974

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၁၃၉)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဦးမောင်သိန်း(ISN-၄၀၂၅၂၃) အမည်ပေါက် ပါမစ် မြေကွက်အနက်မှ မြေကွက်အမှတ်(၁၃၈)နှင့်ကပ်လျက်ရှိသော အကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ကြည်ပြာမြင့်စိုး (၁၂/သဃက(နိုင်)၁၅၈၄၃၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
Ph,09421746974

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၅ / ၂၀၂၄-၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံ တူးဖော် / ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-034(24-25)CAP (Second Retender) | Spare Parts for D 85 ESS-2 Komatsu Dozer (53) Items | Ks |
| (၂) | DMP/L-143(24-25) (Second Retender) | Electrical Materials for Mann Oil Field (3) Groups | ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၂၄ ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၅-၇-၂၀၂၄ ရက် (၁၃:၀၀)နာရီ တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
ဖုန်း-၀၆၇-၄၁၁၂၀၆

## သင်္ဘောပျက် ဖျက်သိမ်းဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း
## ဈေးနှုန်းအဆိုပြုလွှာများဖိတ်ခေါ်ခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ သမစိတ္တကျေးရွာမှ ရေမိုင်(၇)မိုင်အကွာနေရာ၌ သောင်တင်နေသည့် MV. SAMRATULANGI PB-1600 ရေယာဉ်ပျက်အား ဖျက်သိမ်းဖယ်ရှား ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများအား ဈေးနှုန်း အဆိုပြုလွှာများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **လုပ်ငန်းအမျိုးအမည်** - ရေယာဉ်ပျက်အားဖျက်သိမ်းဖယ်ရှားရှင်းလင်းခြင်း
(ခ) **ပုံစံရောင်းချမည့်ရက်** - ၃-၇-၂၀၂၄ ရက်မှ ၁၈-၇-၂၀၂၄ ရက် အထိ(ရုံးချိန်အတွင်း)
(ဂ) **ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းရမည့်ရက်** - ၂၂-၇-၂၀၂၄ ရက်မှ ၂-၈-၂၀၂၄ ရက်အထိ(ရုံးချိန်အတွင်း)
(ဃ) **ဈေးနှုန်းအဆိုပြုလွှာ စိစစ်မည့်ရက်နှင့်အချိန်** - ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်၊ (၁၃:၀၀)နာရီ
(င) **ဈေးနှုန်းအဆိုပြုလွှာ စိစစ်မည့်နေရာ** - အစည်းအဝေးခန်းမ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊

၂။ အသေးစိတ်အချက်များ သိရှိလိုပါက ဖုန်း-၀၉-၅၁၉၄၁၁၀/ ၀၉၄၀၂၇၅၈၄၃၁ တို့သို့ လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့် (အမှတ်၃၂၁/၃၂၄)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့လည်းကောင်း ရုံးချိန်အတွင်း ကိုယ်တိုင် ဆက်သွယ်/လာရောက် မေးမြန်းနိုင်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

### နိုင်ငံသားစိစစ်ရေးကတ်ပြားအမှန်

မံစီမြို့၊ ကောင်ရာရပ်ကွက်နေ ဦးထွန်းလှိုင် ၁/ဗမန(နိုင်) ၀၃၂၀၁၅ ၏ဇနီး ဒေါ်မွေးလင်း၏ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်မှာ ၁/ဗမန (နိုင်)၁၁၁၅၄၇ ဖြစ်ပါကြောင်း။

**ဒေါ်မွေးလင်း**
**၁/ဗမန(နိုင်)၁၁၁၅၄၇**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/8944 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/4221 Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေခိုင်ထွန်း ၉/မရတ(နိုင်) ၁၂၃၆၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ (ယခင်ဟောင်လိတ်ကျေးရွာအုပ်စု)၊ ဆန်ဆိုင်း(ခ) ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ဈ)ရှိ မြေကွက်အမှတ်(ဈ-၁၄၈)၊ အကျယ်အဝန်း(၆၀ x ၄၀)ပေ မြေကွက်ကို ဦးထွန်းနေဦး ၁၃/တခလ(နိုင်)၀၄၃၃၆၉ ထံမှ ကျွန်မ ဒေါ်နီလာရှု ၁၃/ကတန (နိုင်)၁၃၁၉၅၁က ပိုင်ဆိုင်မှု စာရွက်စာတမ်းနှင့်တကွ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ (၂၀၂၄) ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်အား မြေစည်းရိုးကာရံခြင်းနှင့် သက်ဆိုင်ရာရုံးဌာနတွင် အမည်ပေါက်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာစာပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း သက်ဆိုင်ရာရုံးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နီလာရှု**
**၁၃/ကတန(နိုင်)၁၃၁၉၅၁**
**ဖုန်း-၀၉-၅၂၄၂၂၄၄**

### ဖခင်အမည်မှန်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဗန်းမော်မြို့ အမက(ကုန်းမဟတ်)၊ Grade-5မှ မောင်စိုင်းမျိုးစည်သူနှင့် Grade-3မှ မနန်းရွှေမှုန်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းလှိုင် ၁/မစန (နိုင်)၀၃၂၀၁၅ ဖြစ်ပါကြောင်း။

**ဦးထွန်းလှိုင်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/20594 Shayan 125 M/C ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သရက်)**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

